UNITED NATIONS OFFICE ON
GENOCIDE PREVENTION AND THE
RESPONSIBILITY TO PROTECT

# ရက်စက်ယုတ်မာသောရာဇဝတ်မှုများ ဖြစ်ပေါ်စေနိုင်သည့် သွေးထိုးလှုံ့ဆော်မှုများအား တားဆီးကာကွယ်ရန် ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်နေသူများအတွက် လှုပ်ရှားလုပ်ဆောင်ရန်အစီအစဉ်


**Acknowledgement**

This is an informal translation of the Plan of Action for Religious Leaders and Actors to Prevent Incitement to Violence that could Lead to Atrocity Crimes. All reasonable efforts have been made to ensure this is an accurate translation. This version is a translation of the original document in English and shall serve as information purposes only. In the case of a discrepancy, the English original shall prevail.

The translation of this document from English into Burmese was jointly commissioned by the following organisations.

Asia-Pacific Centre for the Responsibility to Protect

APPAP Asia Pacific Partnership ATROCITY PREVENTION

APHR ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

International Panel of Parliamentarians for Freedom of Religion or Belief

# ဥယျောဇဉ်

## ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ချုပ်

လူ့အခွင့်အရေးနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာ ထောက်ထားသောဥပဒေများအပေါ် ဆိုးရွားသော ချိုးဖောက်မှုများအား တားဆီးကာကွယ်ရန် ကျွန်ုပ်တို့၏ပျက်ကွက်မှုများကြောင့် ဝမ်းနည်းဖွယ်ကောင်းသော နောက်ဆက်တွဲများကို ကျွန်ုပ်တို့အားလုံးမြင်တွေ့ခဲ့ရပါသည်။ အဆိုးရွားဆုံးကိစ္စရပ်များမှာ ရက်စက်ယုတ်မာ သောရာဇဝတ်မှုများ ဖြစ်ပါသည်။ ၎င်းရာဇဝတ်မှုများသည် ကြီးမားသောဒုက္ခများကို ဖြစ်ပေါ်စေပါသည်။ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအလားအလာများကို လှိုက်စားပျက်စီးစေပါသည်။ ရပ်ရွာနှင့် လူ့အဖွဲ့အစည်းများအပေါ် နောက်မျိုးဆက်အထိ ကုသရမည့် အမာရွတ်များအား ချန်ထားခဲ့ပါသည်။

ရက်စက်ယုတ်မာသောရာဇဝတ်မှုများသည် ယေဘုယျအားဖြင့် ရုတ်တရက်ချက်ချင်း ကောက်ကာငင်ကာ ဖြစ်ပေါ်လေ့ရှိသည် မဟုတ်ပါ။ ၎င်းတို့အားဖြစ်ပေါ်စေသည့်ဖြစ်စဉ်များသည် ဖြစ်ပေါ်လာရန် အချိန်ယူပါ သည်။ ၎င်းအချိန်မှာ သတိပေးလက္ခဏာများအပေါ် လုပ်ဆောင်ရန် ကျွန်ုပ်တို့အသုံးပြုသင့်သည့် အချိန်ဖြစ်ပါ သည်။

အတွေ့ရအများဆုံးလက္ခဏာရပ်များအနက်တခု မှာ အမုန်းစကားများပျံ့နှံ့လာခြင်းဖြစ်ပါသည်။ အမုန်းစကား ဆိုသည်မှာ ရန်လိုမှုများပျံ့နှံ့လာပြီး ရပ်ရွာလူ့အဖွဲ့အစည်းတခုခုအား ၎င်းတို့၏ ကိုယ်ပိုင်သွင်ပြင်လက္ခဏာ အပေါ်အခြေပြု၍ အကြမ်းဖက်မှုများကျူးလွန်လာစေရန် ပြည်သူလူထုအား တွန်းအားပေးသည့် ဆိုရှယ် မီဒီယာအပါအဝင် အများပြည်သူကြားထဲနှင့် သတင်းမီဒီယာများတွင် ရေးသားဖော်ပြသည့် သတင်း စကားများဖြစ်ပါသည်။ သိပ်မကြာခင်နှစ်များအတွင်း အမုန်းစကားများနှင့် သွေးထိုးလှုံ့ဆော်မှုများ တိုးပွား လာပါသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား အပြည်ပြည်ဆိုင်ရာဥပဒေများဖြင့် ကာကွယ်ထားသော် လည်း အကြမ်းဖက်မှုများဖြစ်ပွားစေရန် သွေးထိုးလှုံ့ဆော်သည့်စကားများအား တားမြစ်ထားပါသည်။ ပြည်သူလူထုအား သွေးထိုးလှုံ့ဆော်မှုများမှ တားဆီးရန်နှင့် ရက်စက်ယုတ်မာသောရာဇဝတ်မှုများမှ ကာကွယ်စောင့်ရှောက်ရန်မှာ နိုင်ငံများ၏ အဓိကတာဝန်ဖြစ်ပါသည်။ သို့သော် အကြမ်းဖက်မှုများအား ဖြစ်ပေါ်စေသော၊ တွန်းအားပေးသော အမုန်းစကားများ ရပ်တန့်ရန်အတွက် ကျွန်ုပ်တို့အားလုံး ပိုမိုလုပ်ဆောင် ရပါမည်။


ယုံကြည်သက်ဝင်မှုများအား မျှဝေသူများ၏ အပြုအမူများအပေါ်လွှမ်းမိုးရာတွင် ဘာသာရေးခေါင်းဆောင် များသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

သို့သော်ကံဆိုးစွာဖြင့် ဘာသာရေးသည် တခါတရံတွင် လိုရာဆွဲတွေးပြီး သူတပါးအားအပြစ်မြင်စေကာ အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုများအား လှုံ့ဆော်ပေးပါသည်။ ထို့ကြောင့် ဘာသာအားလုံးမှ ဘာသာရေး ခေါင်းဆောင်များသည် ၎င်းတို့၏ခေါင်းဆောင်မှုကို ပြသရန်မှာ အလွန်အန်မတန်မှ အရေးကြီးပါသည်။

ကမ္ဘာတဝန်းရှိ ယုံကြည်မှုပေါင်းစုံ ဘာသာပေါင်းစုံမှခေါင်းဆောင်များဖြင့် နှစ်နှစ်အကြာဆွေးနွေးတိုင်ပင် ပြီးနောက် ရရှိလာသည့်ရလာဒ်ဖြစ်သည့် ယခုလုပ်ဆောင်ရန်အစီအစဉ်တွင် ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်နေသူများအနေဖြင့် အကြမ်းဖက်ရန်လှုံ့ဆော်မှုများအား တားဆီးကာကွယ်နိုင်မည့်၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုတွင် တတပ်တအားဖြစ်စေမည့် နည်းလမ်းများအတွက် များပြားကျယ်ပြန့်လှ သောအကြံပြုချက်များ ပါဝင်ပါသည်။ ဘာသာအားလုံးသည် လူ့အသက်များအား တန်ဖိုးထားလေးစားစေရန် သင်ကြားပေး၍ လူသားများသည် အခြေခံအားဖြင့် တန်းတူညီမျှမှုရှိသည်ကို အသိအမှတ်ပြုပါသည်။ ၎င်းဥပဒေသများသည် ကျွန်ုပ်တို့အား လူသားအားလုံးကို အကယ်၍၎င်းတို့သည် ကျွန်ုပ်တို့နှင့် အကြီးအကျယ်ကွဲလွဲလျက်ရှိသူ သို့မဟုတ် ၎င်းတို့၏ယဉ်ကျေးမှုများသည် ကျွန်ုပ်တို့နှင့်စိမ်းနေလျှင်တောင်မှ လေးစားစေပါသည်။

လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည့်၊ ဒုက္ခဆင်းရဲများအားလျော့ချနိုင်မည့်၊ စုံလင်ကွဲပြာမှုများအား တန်ဖိုးထား၍ လူသားတိုင်း၏အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ပေးသော ငြိမ်းချမ်း၊ မျှတ၊ အားလုံးပါဝင်သည့်လူ့အဖွဲ့အစည်းသို့ဆိုသည့် ဘုံမျှော်မှန်းချက်ကို သိမြင်စေနိုင်မည့် ယခုလုပ်ဆောင်ရန် အစီအစဉ်အား တတ်နိုင်သမျှဖြန့်ဝေရန်နှင့် အကောင်အထည်ဖော်ရန် ကျွန်ုပ်အနေဖြင့် တိုက်တွန်းလိုပါသည်။

ရက်စက်ယုတ်မာသောရာဇဝတ်မှုများ၊ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာအပေါ်စော်ကားမှုများအား တားဆီး ကာကွယ်အဆုံးသတ်ရန် အတူတကွလုပ်ဆောင်ကြပါစို့။




Antonio Guterres

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်

ဇူလိုင် ၂၀၁၇

## မာတိကာ


**အနှစ်ချုပ်** ........ 5

**နိဒါန်း** ........ 7

အကြမ်းဖက်စေရန် သွေးထိုးလှုံ့ဆော်မှုဆိုသည်မှာ အဘယ်နည်း? ........ 8

အကြမ်းဖက်ရန်လှုံ့ဆော်မှုကို တားမြစ်ခြင်းအတွက် ဥပဒေမူဘောင်ဆိုသည်မှာ အဘယ့်နည်း? ........ 9

အကြမ်းဖက်စေရန်လှုံ့ဆော်မှုအား တားဆီးကာကွယ်ခြင်းသည် ရက်စက်ယုတ်မာသောရာဇဝတ်မှုများအား တားဆီးကာကွယ်ရာတွင် အဘယ့်ကြောင့် အရေးကြီးသောအချက်တချက် ဖြစ်သနည်း? ........ 10

အကြမ်းဖက်စေရန်လှုံ့ဆော်မှုအား တားဆီးကာကွယ်ရာတွင် ဘာသာရေးခေါင်းဆောင်များနှင့် အဓိက လုပ်ဆောင်နေသူများ၏ အခန်းကဏ္ဍ ........ 10

Fez လုပ်ငန်းစဉ် ........ 11

ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်နေသူများအတွက် ရက်စက်ယုတ်မာသောရာဇဝတ်မှုများ ဖြစ်ပေါ်စေနိုင်သည့် သွေးထိုးလှုံ့ဆော်မှုများအား တားဆီးကာကွယ်ရေး လုပ်ဆောင်ရန်အစီအစဉ် ........ 13

အကောင်အထည်ဖော်ခြင်း ........ 15

**ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်နေသူများအတွက် ရက်စက်ယုတ်မာသောရာဇဝတ်မှုများ ဖြစ်ပေါ်စေနိုင်သည့် သွေးထိုးလှုံ့ဆော်မှုများအား တားဆီးကာကွယ်ရေး လုပ်ဆောင်ရန်အစီအစဉ်** ........ 16

တားဆီးကာကွယ်ခြင်း ........ 16

၁။ အကြမ်းဖက်စေရန်လှုံ့ဆော်မှုများအား တားဆီးကာကွယ်တန်ပြန်ရန် သီးခြားလုပ်ဆောင်ချက်များ 16

၂။ အကြမ်းဖက်အစွန်းရောက်ဝါဒဖြစ်စေရန် လှုံ့ဆော်မှုများအား တားဆီးကာကွယ်ပါ။ ........ 20

၃။ ကျား–မအခြေပြုအကြမ်းဖက်စေရန် လှုံ့ဆော်မှုကို တားဆီးကာကွယ်ခြင်း ........ 24

မြှင့်တင်ခြင်း ........ 25

၄။ အကြမ်းဖက်စေရန်လှုံ့ဆော်မှုများအား တားဆီးကာကွယ်ရန် ပညာရေးနှင့် စွမ်းရည်တည်ဆောက်မှုများ ကို မြှင့်တင်ပေးပါ။ ........ 25

၅။ အကြမ်းဖက်စေရန်လှုံ့ဆော်မှုများအား တားဆီးကာကွယ်ရန်အတွက် ဘာသာဝင်အချင်းချင်းကြား၊ ဘာသာအချင်းချင်းကြား တွေ့ဆုံဆွေးနွေးမှုများအား မြှင့်တင်ပါ။ ........ 28

၆။ အကြမ်းဖက်စေရန်လှုံ့ဆော်မှုကို တားဆီးကာကွယ် တန်ပြန်တိုက်ခိုက်ရန် ရိုးရာအစဉ်အလာမီဒီယာများ၊ မီဒီယာအသစ်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း ............30

၇။ ယခုလုပ်ဆောင်ရန်အစီအစဉ်အား အကောင်အထည်ဖော်ရန် ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်များဖြင့် ချိတ်ဆက်ပါဝင်မှုကို မြှင့်တင်ခြင်း.....................................................32

တည်ဆောက်ခြင်း.....................................................................................................................34

၈။ လူ့အခွင့်အရေးများအား လေးစားခြင်း၊ တားဆီးကာကွယ်ခြင်း၊ မြှင့်တင်ခြင်းများမှတဆင့် ငြိမ်းချမ်းမျှတ အလွှာစုံပါဝင်သော လူ့အဖွဲ့အစည်းများ တည်ဆောက်ခြင်း......................................34

၉။ အကြမ်းဖက်စေရန်လှုံ့ဆော်မှုကို တားဆီးကာကွယ် တန်ပြန်တိုက်ခိုက်ရန် ဘာသာရေးခေါင်းဆောင်များ ဖြင့် ကွန်ယက်များတည်ဆောက်ပါ။.................................................37

**နောက်ဆက်တွဲများ**...................................................................................................................38

ရက်စက်ယုတ်မာသော ရာဇဝတ်မှုများ အဓိပ္ပာယ်ဖွင့်ဆိုချက် ............................................................38

Fez ကြေညာစာတမ်း.................................................................................................................39

ဒေသန္တရဆိုင်ရာ အကြံပြုဆွေးနွေးပွဲများတွင် ကူညီခဲ့သည့် အင်စတီကျူးရှင်းများနှင့် အဓိကလုပ်ဆောင်သူများ.......................................................................................................43

အကြံပေးကော်မတီအဖွဲ့ဝင်များ..................................................................................................48

ထပ်မံဖတ်ရှုရန်စာအုပ်စာတမ်းလင့်ခ်များ .......................................................................................49

## အနှစ်ချုပ်

ကိုယ်ပိုင်သွင်ပြင်လက္ခဏာအပေါ်အခြေခံ၍ ရပ်ရွာလူ့အဖွဲ့အစည်း သို့မဟုတ် လူတဦးတယောက်အား ပစ်မှတ်ထားကာ အကြမ်းဖက်ရန်သွေးထိုးလှုံ့ဆော်မှုသည် ရက်စက်ယုတ်မာသောရာဇဝတ်မှုများ (လူမျိုးတုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှု)များ ဖြစ်ပေါ်စေ သို့မဟုတ် ပြင်ဆင်စေ၍ ၎င်းသည် ယင်းသို့သော ရာဇဝတ်မှုများဖြစ်ပေါ်စေနိုင်ကြောင်း သတိပေးသည့် လက္ခဏာတရပ်နှင့် ကနဦးဖော်ပြသောညွှန်းကိန်းတခုပင် ဖြစ်ပါသည်။ အထူးသဖြင့် ကိုယ်ပိုင်သွင်ပြင် လက္ခဏာများဖြင့် စည်းခြားထားသည့် လူ့အဖွဲ့အစည်းများ၊ တင်းမာမှုများမြင့်တက်နေသည့်အခြေအနေများ တွင် အကြမ်းဖက်စေရန်သွေးထိုးလှုံ့ဆော်မှုများအား စောင့်ကြည့်ကြပ်မတ်ခြင်း၊ တားဆီးကာကွယ်ခြင်း၊ တန်ပြန်လုပ်ဆောင်ခြင်းများသည် ကာကွယ်တားဆီးရေးကြိုးပမ်းအားထုတ်မှုများပင် ဖြစ်ပါသည်။

ပြည်သူများအား ရက်စက်ယုတ်မာသော ရာဇဝတ်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများမှ ကာကွယ်စောင့်ရှောက်ရန်မှာ နိုင်ငံများ၏ အဓိကတာဝန်ဝတ္တရားဖြစ်သော်လည်း အခြားအဓိကလုပ်ဆောင်နေသူများသည်လည်း ကဏ္ဍတရပ်အနေဖြင့် ပါဝင်နေပါသည်။ ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်နေသူများသည် ၎င်းတို့အားကိုးကွယ်သူများ၊ ယုံကြည်သက်ဝင်မှုများအား မျှဝေသူများ၏ အပြုအမူများအပေါ် လွှမ်းမိုးထားသောကြောင့် ၎င်းတို့သည် လွှမ်းမိုးနိုင်သောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ဘာသာရေးသည် လိုရာဆွဲတွေးပြီး သူတပါးအားအပြစ်မြင်စေကာ အကြမ်းဖက်မှုများအား လှုံ့ဆော်ပေးရန် အလွဲသုံးစားပြုလုပ်နိုင်သောကြောင့် ဘာသာအားလုံးမှ ဘာသာရေးခေါင်းဆောင်များသည် ၎င်းတို့၏ခေါင်းဆောင်မှုကိုပြသရန်မှာ အလွန်အန်မတန်မှ အရေးကြီးပါသည်။

ရက်စက်ယုတ်မာသောရာဇဝတ်မှုများဖြစ်ပေါ်စေနိုင်သည့် သွေးထိုးလှုံ့ဆော်မှုများအား တားဆီးကာကွယ်ရန် ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်နေသူများအတွက် လှုပ်ရှားလုပ်ဆောင်ရန်အစီအစဉ်ကို ချမှတ်သည့်ဖြစ်စဉ် (Fez လုပ်ငန်းစဉ်ဟု လူသိသည့်) သည် ဘာသာရေးခေါင်းဆောင်များအနေဖြင့် လှုံ့ဆော်မှုနှင့် ဖြစ်ပေါ်လာနိုင်သော အကြမ်းဖက်မှုများအား တားဆီးကာကွယ်ရန်အတွက် ပိုမိုနားလည်စေရန်၊ ပိုမိုရှင်းလင်းပြောပြနိုင်ရန်၊ ပိုမိုတိုက်တွန်းရန်နှင့် ရက်စက်ယုတ်မာသောရာဇဝတ်မှုများအား တားဆီးကာကွယ်ရန် ပိုမိုကျယ်ပြန့်သောအားထုတ်မှုများလုပ်ဆောင်ရာတွင် ဘာသာရေးခေါင်းဆောင်များ၏ လုပ်ဆောင်ချက်များနှင့် တသားတည်းပေါင်းစပ်စေရန် လိုအပ်ချက်မှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။

"Fez လုပ်ငန်းစဉ်" ဆိုသည်မှာ ကုလသမဂ္ဂလူမျိုးတုန်းသတ်ဖြတ်မှုတားဆီးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာရုံးမှကြီးမှူး၍ ၂၀၁၅ ဧပရယ်လမှ ၂၀၁၆ ဒီဇင်ဘာလအတွင်း ကမ္ဘာတဝန်းရှိ ဘာသာရေးခေါင်းဆောင်များ၊ ယုံကြည်မှုအခြေပြုလောကီ (ဘာသာရေးအဖွဲ့မဟုတ်သည့်) အဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများဖြင့် ဆွေးနွေးတိုင်ပင်သည့် ဖြစ်စဉ်စီးရီးတခုကိုရည်ညွှန်းပါသည်။ လုပ်ဆောင်ရန်အစီအစဉ်တွင်ပါဝင်သော အကြံပြုချက်များအား ၎င်းဆွေးနွေးတိုင်ပင်သည့်လုပ်ငန်းစဉ်တွင်ပါဝင်သော ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်နေသူများမှ ပေးထားခြင်းဖြစ်ပါသည်။ ၎င်းအကြံပြုချက်များသည် ရက်စက်ယုတ်မာသောရာဇဝတ်မှုများ ဖြစ်ပွားနိုင်ခြေရှိသည့်အခြေအနေများတွင်သာမက လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ အကြမ်းဖက်အစွန်းရောက်ဝါဒအား တားဆီးကာကွယ်ခြင်း၊ ပဋိပက္ခများအား တားဆီးကာကွယ်များအပါအဝင် တခြားအခင်းအကျင်းတွင်လည်း အသုံးပြုနိုင်ပါသည်။

ရက်စက်ယုတ်မာသောရာဇဝတ်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများအား တားဆီးကာကွယ်ရန် ကြိုးပမ်းအားထုတ်မှုများသည် မတူညီသောအဓိကလုပ်ဆောင်နေသူများမှ ပူးပေါင်းလုပ်ဆောင်လျှင် အောင်မြင်နိုင်သောကြောင့် လုပ်ဆောင်ရန်အစီအစဉ်တွင် နိုင်ငံများ၊ နိုင်ငံတော်အင်စတီကျူးများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ မီဒီယာအသစ်များ၊ ရိုးရာအစဉ်အလာမီဒီယာများအပါအဝင် တခြားအဓိကလုပ်ဆောင်နေသူများအတွက် အကြံပြုချက်များလည်း ပါဝင်ပါသည်။ လုပ်ဆောင်ရန်အစီအစဉ်အား လူ့အခွင့်အရေးဥပဒေသများအထူးသဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်များအပေါ်တွင်မူတည်၍ ရေးဆွဲထားပါသည်။

လုပ်ဆောင်ရန်အစီအစဉ်တွင် **တားဆီးကာကွယ်ရန်၊ မြှင့်တင်ရန်၊ တည်ဆောက်ရန်** ရည်ရွယ်၍ အဓိက အကြံပြုချက် (၃) မျိုးပါဝင်ပါသည်။

ကုလသမဂ္ဂလူမျိုးတုန်းသတ်ဖြတ်မှုတားဆီးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာရုံး၏ စီမံခန့်ခွဲမှု အောက်တွင် ယခုလုပ်ဆောင်ရန်အစီအစဉ်အား ဒေသတွင်းအဆင့်၊ နိုင်ငံတော်အဆင့်၊ ဒေသန္တရအဆင့် အကောင်အထည်ဖော်ရန်အတွက် အကြံပြုပါသည်။ လုပ်ဆောင်ရန်အစီအစဉ်အား ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်နှင့် ဘာသာရေးအင်စတီကျူးရှင်းများ၊ လောကီနှင့် ဘာသာရေး အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာသစ်များ၊ ရိုးရာအစဉ်အလာမီဒီယာများ၊ ပညာရေးနှင့် ပညာရေး အသိုင်းအဝိုင်းအင်စတီကျူးရှင်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာ ပတ်သက်ဆက်နွယ်သူများမှ ဝိုင်းဝန်းလုပ်ဆောင်ရန် အကြံပြုပါသည်။

ယခုလုပ်ဆောင်ရန်အစီအစဉ်အားအကောင်အထည်ဖော်ခြင်းသည် ကမ္ဘာတဝန်းတွင် အထူးသဖြင့် ဘာသာရေးနှင့် ဘာသာရေးဂိုဏ်းခွဲများအကြား တင်းမာမှုများ၊ အကြမ်းဖက်မှုများဖြစ်ပွားနေသော ဒေသများ တွင် ရက်စက်ယုတ်မာသောရာဇဝတ်မှုများအား တားဆီးကာကွယ်ရန်အတွက် အထောက်အပံ့ဖြစ်ပါသည်။ ၎င်းအားအကောင်အထည်ဖော်မှုသည် လူ့အခွင့်အရေးများအား လေးစားမှု၊ ကာကွယ်စောင့်ရှောက်မှုနှင့် မြှင့်တင်မှုများအား တိုးပွားစေပါသည်။

## နိဒါန်း

နိုင်ငံရေး၊ လုံခြုံရေး သို့မဟုတ် မတည်ငြိမ်မှုတခြားပုံသဏ္ဍာန်များကြောင့် ဖိအားများရှိနေသည့်လူ့အဖွဲ့အစည်း များတွင် လူမျိုးတုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှု (“ရက်စက် ယုတ်မာသော ရာဇဝတ်မှု”) များအား ဖြစ်ပေါ်စေနိုင်သည့် အကြမ်းဖက်မှုသတိပေးလက္ခဏာနှင့် အားပြင်းသောမီးပွားတခုမှာ ရန်လိုမှုနှင့်အမုန်းတရားများပျံ့နှံ့လာ၍ ရပ်ရွာလူ့အဖွဲ့အစည်းတခုခုအား ၎င်းတို့၏ဘာသာရေး သို့မဟုတ် တိုင်းရင်းသားသွင်ပြင်လက္ခဏာအပေါ်အခြေပြုကာ အကြမ်းဖက်မှုများ ကျူးလွန်ရန်တိုက်တွန်းသည့် သို့မဟုတ် သွေးထိုးလှုံ့ဆော်သည့် သတင်းစကားများ အများပြည်သူကြားထဲနှင့် သတင်းမီဒီယာများတွင်ပျံ့နှံ့နေခြင်းဖြစ်ပါသည်။ သိပ်မကြာခင်နှစ်များအတွင်း ပဋိပက္ခနှင့် ငြိမ်းချမ်းသော အခြေအနေများတွင် အွန်လိုင်းနှင့်အွန်လိုင်းပြင်ပအမုန်းစကား၊ သွေးထိုးလှုံ့ဆော်မှုများကို သတိပေးဆူးပြောင့် တခုအဖြစ်တွေ့ရှိရပါသည်။

အကြမ်းဖက်ရန်သွေးထိုးလှုံ့ဆော်မှုများပျံ့နှံ့ခြင်း၊ ဦးတည်လူအုပ်စုဆီသို့ မရောက်ရှိစေရန်တားဆီးကာကွယ် ခြင်းအတွက် နည်းလမ်းများရှာဖွေခြင်း၊ လူအုပ်စုအား သွေးထိုးလှုံ့ဆော်ခံရသည့်သက်ရောက်မှုမှ “ခုခံ တန်ပြန်နိုင်အောင်ပြုလုပ်ခြင်း”၊ မူကွဲသတင်းစကားများတင်ပြခြင်းသည် ရက်စက်ယုတ်မာသောရာဇဝတ်မှု ဖြစ်ပေါ်စေနိုင်သည့် အကြမ်းဖက်မှုများအား တားဆီးကာကွယ်ရန်၊ ထိန်းချုပ်ရန်အတွက် အထောက်အကူ ဖြစ်ပါသည်။

## အကြမ်းဖက်စေရန် သွေးထိုးလှုံ့ဆော်မှုဆိုသည်မှာ အဘယ်နည်း?

"အကြမ်းဖက်စေရန် သွေးထိုးလှုံ့ဆော်မှု" ဆိုသည့် စကားရပ်သည် အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့်နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွင် ပါဝင်ပါသည်။ ၎င်း၏အပိုဒ် ၂၀(၂) တွင် "ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုများဖြစ်ပွားစေရန် သွေးထိုးလှုံ့ဆော်မှုများပါဝင်သည့် အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးဆိုင်ရာအမုန်းစကားများအား ပြုလုပ်ရန်လှုံ့ဆော်ခြင်း" အားတားမြစ်သည်ဟု ဖော်ပြထားပါသည်။ အကြမ်းဖက်မှုဖြစ်စေရန်လှုံ့ဆော်သည့် လုပ်ဆောင်ချက်များတွင် လူတဦးတယောက် သို့မဟုတ် အုပ်စုတစုအား အကြမ်းဖက်စေရန်တိုက်တွန်းသည့် ဆက်သွယ်ပြောဆိုမှုများအားလုံး ပါဝင်ပါသည်။ သွေးထိုးလှုံ့ဆော်မှုသည် နိုင်ငံရေးမိန့်ခွန်းများ၊ လက်ကမ်းစာစောင်များ၊ သတင်းဆောင်းပါးများ၊ ဆိုရှယ်မီဒီယာမှပြောဆိုဆက်သွယ်ချက်များ၊ ရုပ်ပုံဖြင့်ဖော်ပြသည့်အနုပညာထုတ်ကုန်များအပါအဝင် ပုံသဏ္ဍာန်မျိုးစုံဖြင့် ရှိနိုင်ပါသည်။

အကြမ်းဖက်မှုကိုဖြစ်ပွားစေသောလှုံ့ဆော်သည့်လုပ်ဆောင်ချက်များအတွက် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေသည့် အခင်းအကျင်း၊ လွှမ်းမိုးနိုင်သည့်ဟောပြောသူ၊ ကျယ်ကျယ်ပြန့်ပြန့်ပျံ့နှံ့စေသည့် ဟောပြောချက်၊ လက်ခံသည့်ပရိတ်သတ်နှင့် ပစ်မှတ်တို့ကဲ့သို့သော သီးခြားအချက်အလက်များ တည်ရှိနေရန်လိုအပ်ပါသည်။ ပစ်မှတ်သည် များသောအားဖြင့် တိုင်းရင်းသား၊ လူမျိုး၊ ဘာသာရေး၊ နိုင်ငံရေး၊ လိင်စိတ်ခံယူမှုနှင့် ကျား–မကိုယ်ပိုင်သွင်ပြင်လက္ခဏာများရှိသည့် တဦးချင်းသော်လည်းကောင်း၊ အုပ်စုများသော်လည်းကောင်း အဖြစ်များပါသည်။[1] အကြမ်းဖက်မှုကို သွေးထိုးလှုံ့ဆော်မှုဖြစ်ပွားစေရန်အတွက် အကြမ်းဖက်မှုပေါ်ပေါက်စေရန်လှုံ့ဆော်ခြင်းတွင် ပါဝင်ပတ်သက်လုပ်ဆောင်စေရန် ဟောပြောသူဖက်မှရည်ရွယ်ချက် [2] ရှိရပါမည်။ အကြမ်းဖက်မှုဖြစ်ပွားစေသည့်လုပ်ဆောင်ချက်အတွက် ဖြစ်ပွားနိုင်ခြေသည် ဒီဂရီ (အဆင့်) တခုအထိ ရှိရန်လည်းလိုအပ်ပါသည်။

အကြမ်းဖက်ရန်သွေးထိုးလှုံ့ဆော်မှုသည် "အမုန်းစကား" နှင့်မတူပါ။ "အမုန်းစကား" အတွက် ဥပဒေဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိကာ မည်သည့်အရာက "အမုန်းတရားများနှင့်ပြည့်နှက်နေသည်" ဆိုသည်မှာ အငြင်းပွားဖွယ်ရာဖြစ်ပါသည်။ သို့သော် အမုန်းစကားဆိုသည်ကို လူပုဂ္ဂိုလ်တဦးတယောက် သို့မဟုတ် လူအုပ်စုတစုအား ၎င်းတို့မည်သူဖြစ်သည်ဆိုသည့်အပေါ် တခြားစကားလုံးဖြင့်ဖော်ပြရလျှင် ၎င်းတို့၏ ဘာသာရေး၊ တိုင်းရင်းသား၊ နိုင်ငံသား၊ လူမျိုး သို့မဟုတ် တခြားဝိသေသသွင်ပြင်လက္ခဏာများအပေါ်အခြေခံ၍ ၎င်းတို့အား ဂုဏ်သရေဖျက်သိက္ခာကျစေသည့် ပြောဆိုမှု၊ ရေးသားမှု၊ ပြုမူမှုပုံစံများ ဖြစ်သည်ဟု ယေဘုယျသတ်မှတ်နိုင်ပါသည်။ အမုန်းစကားသည် လူပုဂ္ဂိုလ်တဦးတယောက် သို့မဟုတ် လူအုပ်စုတစု_

---

[1] Prohibiting Incitement to Discrimination, Hostility and Violence, https://www.article19.org/data/files/medialibrary/3572/12-12-01-PO-incitement-WEB.pdf, and Rabat Plan of Action on the prohibition of advocacy of national, racial or religious hatred that constitutes incitement to discrimination, hostility or violence, A/HRC/22/17/Add.4, appendix, para. 29.

[2] "A person has intent where : (a) In relation to conduct, that person means to engage in the conduct; (b) In relation to a consequence, that person means to cause that consequence or is aware that it will occur in the ordinary course of events.", The Rome Statute of the International Criminal Court, art. 30(2,a,b), https://www.icc-cpi.int/nr/rdonlyres/ea9aeff7-5752-4f84-be94-0a655eb30e16/0/rome_statute_english.pdf.

များသောအားဖြင့် လူအုပ်စုများ ဖြစ်တတ်သည်_ အား ဥပမာ ၎င်းတို့၏ပညာသင်ကြားခွင့်၊ အလုပ်လုပ်ပိုင်ခွင့်၊ နိုင်ငံရေးရာထူးရပိုင်ခွင့်များကို ကန့်သတ်၍ ၎င်းတို့သည် နိမ့်ကျသည်၊ ၎င်းတို့အား ဖယ်ထုတ်ထားသင့်သည် သို့မဟုတ် ခွဲခြားဆက်ဆံသင့်သည်ဟူသောအချက်ကို ပြုလုပ်ပါသည်။ ခွဲခြားဆက်ဆံရန်၊ ရန်လိုရန် သို့မဟုတ် အကြမ်းဖက်ရန် သွေးထိုးလှုံ့ဆော်မှုများအားလုံးသည် အမုန်းစကားများဖြစ်သော်လည်း အမုန်းစကား အားလုံးသည် သွေးထိုးလှုံ့ဆော်မှုမဟုတ်ပေ။

## အကြမ်းဖက်ရန်လှုံ့ဆော်မှုကို တားမြစ်ခြင်းအတွက် ဥပဒေမူဘောင်ဆိုသည်မှာ အဘယ့်နည်း?

အကြမ်းဖက်ရန်လှုံ့ဆော်မှုအား တားဆီးကာကွယ်ခြင်းသည် ၁၉၄၈ လူမျိုးတုန်းသတ်ဖြတ်မှုရာဇဝတ်မှု များအား တားဆီးကာကွယ်ရေးနှင့် အပြစ်ပေးအရေးယူခြင်းဆိုင်ရာ သဘောတူစာချုပ်၊ ၁၉၆၅ လူမျိုးရေး ခွဲခြားဆက်ဆံမှုများအားလုံးပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (ICERD)၊ ၁၉၆၆ အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (ICCPR) များအပါအဝင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများတွင် အမြစ်တွယ်နေပါသည်။

လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် ၃ တွင် "လူမျိုးတုန်းသတ်ဖြတ်မှုကိုကျူးလွန်ရန် အများပြည်သူသို့တိုက်ရိုက်လှုံ့ဆော်မှု" အား ဤသဘောတူစာချုပ်အရ အပြစ်ပေးနိုင်သော လုပ်ဆောင်မှုတခု ဖော်ပြထားပါသည်။ ၎င်းစာချုပ်၏ အပိုဒ် ၄ အရ အဖွဲ့ဝင်နိုင်ငံများသည် "လူမျိုးတမျိုး သို့မဟုတ် တခြား အသားအရောင်ရှိသည့် လူအုပ်စုတစု သို့မဟုတ် တိုင်းရင်းသားဖြစ်မှုအပေါ် လူမျိုးရေးအရသာလွန် ကြီးမြတ်မှု သို့မဟုတ် အမုန်းတရား၊ လူမျိုးရေးအရ ခွဲခြားဆက်ဆံရန်လှုံ့ဆော်မှု၊ အကြမ်းဖက် လုပ်ဆောင်ရန် သို့မဟုတ် ထိုကဲ့သို့လုပ်ဆောင်ရန်လှုံ့ဆော်မှုများအပေါ်အခြေခံသည့် အယူအဆများပျံ့နှံ့စေခြင်းအတွက် ဥပဒေအရအပြစ်ပေးအရေးယူနိုင်မှုကိုကြေညာရန်နှင့် ဘဏ္ဍာရေးဆိုင်ရာများအပါအဝင် လူမျိုးရေးခွဲခြားမှု ကိုဆန့်ကျင်သည့် လုပ်ဆောင်မှုများအား ထောက်ပံ့ပေးရန်" လိုအပ်ပါသည်။ ထို့အပြင် အစောပိုင်းတွင် ဖော်ပြထားသကဲ့သို့ နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် ၂၀(၂) အရ အဖွဲ့ဝင်နိုင်ငံများသည် "ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုများဖြစ်ပွားစေရန် သွေးထိုး လှုံ့ဆော်မှုများပါဝင်သည့် အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးဆိုင်ရာအမုန်းစကားများအား ပြုလုပ်ရန်သွေးထိုးလှုံ့ဆော်ခြင်း" အားတားမြစ်ရပါမည်။

ယခင်ယူဂိုဆလားဗီးယားနိုင်ငံအတွက် နိုင်ငံတကာရာဇဝတ်မှုခုံရုံး၊ ရဝမ်ဒါနိုင်ငံအတွက် နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးတို့ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ အထူးကိစ္စအတွက်ဖွဲ့စည်းထားသောခုံရုံးများ၏ ဥပဒေ အတတ်ပညာတွင် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် တခြားရက်စက်ယုတ်မာသောရာဇဝတ်မှုများဖြစ်ပွားစေရန် လှုံ့ဆော်မှုအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပါဝင်ပါသည်။

၂၀၀၅ ကမ္ဘာ့ထိပ်သီးညီလာခံ၏ ရလာဒ်စာတမ်းသည် ရက်စက်ယုတ်မာသောရာဇဝတ်မှုများအား တားဆီး ကာကွယ်ရန်အတွက် အကြမ်းဖက်စေရန်လှုံ့ဆော်မှုအား တားဆီးကာကွယ်ခြင်းနှင့် ချိတ်ဆက်လျက် ရှိပါသည်။ စာပိုဒ် ၁၃၈ နှင့် ၁၃၉ တွင် နိုင်ငံခေါင်းဆောင်များနှင့် အစိုးရခေါင်းဆောင်များသည် "ပြည်သူလူထု အား လူမျိုးတုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု၊ လူမျိုးစုလိုက်ရှင်းလင်းမှု၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သော

ရာဇဝတ်မှုများမှ ကာကွယ်စောင့်ရှောက်ရန်” အတွက် ကတိကဝတ်ပြုခဲ့ကြကာ ၎င်းတာဝန်ဝတ္တရားသည် “သွေးထိုးလှုံ့ဆော်မှုအပါအဝင် ယင်းကဲ့သို့သော ရာဇဝတ်မှုများမှ တားဆီးကာကွယ်ခြင်းလည်း ပါဝင်သည်” ဟု သဘောတူညီခဲ့ကြပါသည်။[3]

## အကြမ်းဖက်စေရန်လှုံ့ဆော်မှုအား တားဆီးကာကွယ်ခြင်းသည် ရက်စက်ယုတ်မာသောရာဇဝတ်မှုများအား တားဆီးကာကွယ်ရာတွင် အဘယ့်ကြောင့် အရေးကြီးသောအချက်တချက် ဖြစ်သနည်း?

ခွဲခြားဆက်ဆံစေရန်၊ ရန်လိုစေရန်၊ အကြမ်းဖက်စေရန် သွေးထိုးလှုံ့ဆော်မှုသည် ကနဦးသတိပေးသည့် ညွှန်ကိန်းနှင့် ရက်စက်ယုတ်မာသောရာဇဝတ်မှုများဖြစ်ပွားစေသည့် မီးပွားတခုဖြစ်ပါသည်။ အကယ်၍ အားလုံးမဟုတ်ခဲ့လျှင်တောင်အများစုသည် အယင်ဖြစ်ပေါ်၍ ၎င်းဖြစ်စဉ်သည် နောက်မှဆက်ပါလာပါသည်။ ရပ်ရွာလူ့အဖွဲ့အစည်းသည် ဖိအားများအောက်ရှိနေ၍ တင်းမာမှုများမြင့်တက်နေသည့် အခြေအနေများတွင် သွေးထိုးလှုံ့ဆော်မှုသည် သံသယ၊ မယုံကြည်မှု၊ သည်းမခံနိုင်မှုမျိုးစေ့များ ချနေပါသည်။ ၎င်းတို့၏ကိုယ်ပိုင်သွင်ပြင်လက္ခဏာအပေါ်အခြေခံ၍ ရပ်ရွာလူ့အဖွဲ့အစည်း သို့မဟုတ် တဦးတယောက်ချင်းအား ပစ်မှတ်ထားသောအမုန်းစကားများတိုးပွားလာခြင်းသည် ရက်စက်ယုတ်မာသောရာဇဝတ်မှုများဖြစ်ပေါ်စေရန် သို့မဟုတ် ပြင်ဆင်စေရန်တွန်းအားပေး၍ ၎င်းကဲ့သို့သောရာဇဝတ်မှုများကျူးလွန်နိုင်သည်ဟူသော ညွှန်ကိန်းတခုဖြစ်ပါသည်။[4] ရက်စက်ယုတ်မာသော ရာဇဝတ်မှုများ အထူးသဖြင့် လူမျိုးတုန်းသတ်ဖြတ်မှုများ၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှုများသည် အစီအစဉ်ဆွဲရန်၊ ညှိနှိုင်းလုပ်ဆောင်ရန်၊ အကောင်အထည်ဖော်ရန် အချိန်ပေးရသည့် ဖြစ်စဉ်တခုဖြစ်ပါသည်။ ၎င်းတို့သည် သီးခြား သို့မဟုတ် အလိုအလျောက်ဖြစ်ပေါ်လာသောဖြစ်ရပ်များမဟုတ်ပါ။ ကိုယ်ပိုင်သွင်ပြင်လက္ခဏာများဖြင့် စည်းခြားထားသည့် လူ့အဖွဲ့အစည်းများ၊ တင်းမာမှုများမြင့်တက်နေသည့်အခြေအနေများတွင် အမုန်းစကားနှင့် အကြမ်းဖက်စေရန်သွေးထိုးလှုံ့ဆော်မှုများတည်ရှိနေခြင်းအား အလေးထားခြင်းသည် ကနဦးသတိပေးချက်နှင့် ကာကွယ်တားဆီးရေးကြိုးပမ်းအားထုတ်မှုများပင် ဖြစ်ပါသည်။

## အကြမ်းဖက်စေရန်လှုံ့ဆော်မှုအား တားဆီးကာကွယ်ရာတွင် ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်နေသူများ၏ အခန်းကဏ္ဍ

အကြမ်းဖက်စေရန်လှုံ့ဆော်မှုကို တားဆီးကာကွယ်ရာတွင် မည်သည့်အဓိကလုပ်ဆောင်နေသူသည် လွှမ်းမိုးမှုအရှိဆုံးဖြစ်သည်ဆိုသည်ကို စဉ်းစားရန်မှာ အရေးကြီးပါသည်။ နိုင်ငံတော်သည် ပြည်သူလူထုအား ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိပါသည်။ သို့သော် တခြားအဓိကလုပ်ဆောင်နေသူအများအပြားသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ အထူးသဖြင့်ဘာသာရေးခေါင်းဆောင်များသည် ၎င်းတို့အား ကိုးကွယ်သူများ၊ ယုံကြည်သက်ဝင်မှုများအားမျှဝေသူများ၏ အပြုအမူနှင့်ဘဝများအပေါ် လွှမ်းမိုးရန်

---

[3] 2005 World Summit Outcome document, para. 138 and 139, A/RES? G 60/1, https://documents-ddsny.un.org/doc/UNDOC/GEN/N05/487/60/PDF/N0548760.pdf?OpenElement.

[4] Framework of Analysis for Atrocity Crimes, United Nations Office on Genocide Prevention and the Responsibility to Protect: http://www.un.org/en/preventgenocide/adviser/pdf/framework%20of%20analysis%20for%20atrocity%20crimes_en.pdf.

အားကောင်းသည့် အလားအလာရှိပါသည်။ ၎င်းတို့ဟောပြောသည့်အခါ ၎င်းတို့၏သတင်းစကားများသည် ပြင်းထန်၍ ကျယ်ကျယ်ပြန့်ပြန့်သက်ရောက်စေပါသည်။

ဘာသာရေးခေါင်းဆောင်များသည် အပေါင်းလက္ခဏာဆောင်သည့်နည်းလမ်းဖြင့်သော်လည်းကောင်း၊ အနုတ်လက္ခဏာဆောင်သည့်နည်းလမ်းဖြင့်သော်လည်းကောင်း ၎င်းတို့၏လွှမ်းမိုးမှုများအား အသုံးပြုနိုင်ပါသည်။ တချို့ဘာသာရေးခေါင်းဆောင်များသည် အကြမ်းဖက်စေရန်လှုံ့ဆော်သည့် အမုန်းစကားများနှင့် ရန်လိုမှုသတင်းစကားများပျံ့နှံ့စေရန် ၎င်းတို့၏အနေအထားအား အသုံးပြုခဲ့ကြပါသည်။ သို့သော် တခြားဘာသာရေးခေါင်းဆောင်များသည် ငြိမ်းချမ်းရေး၊ သည်းခံမှု၊ လက်ခံမှု၊ အပြန်အလှန်လေးစားမှုသတင်းစကားများပျံ့နှံ့စေခြင်းအားဖြင့်သော်လည်းကောင်း လူ့အဖွဲ့အစည်းများအကြားတင်းမာမှုများကို လျော့ကျရန်လုပ်ဆောင်ခြင်းအားဖြင့်သော်လည်းကောင်း အကြမ်းဖက်မှုနှင့် သွေးထိုးလှုံ့ဆော်မှုများအား တားဆီးရန်တာဝန်ယူခဲ့ကြပါသည်။

ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုများဖြစ်ပွားစေရန် သွေးထိုးလှုံ့ဆော်မှုများပါဝင်သည့် အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးဆိုင်ရာအမုန်းစကားများအား ပြုလုပ်ရန်သွေးထိုးလှုံ့ဆော်ခြင်းအားတားမြစ်သည့် Rabat လုပ်ဆောင်မှုအစီအစဉ်[5] တွင် "ဘာသာရေးခေါင်းဆောင်များအားအကြမ်းဖက်စေရန်၊ ရန်လိုစေရန် သို့မဟုတ် ခွဲခြားဆက်ဆံစေရန် သွေးထိုးလှုံ့ဆော်သည့် သည်းမခံမှုများ၊ ဖော်ပြချက်သတင်းစကားများအား အသုံးပြုခြင်းမှ ရှောင်ကြဉ်ရန်" အကြံပြုထားပါသည်။ သို့သော်၎င်းတို့သည် သည်းမခံမှု၊ ခွဲခြားဆက်ဆံသောတရားသေဆုပ်ကိုင်မှု၊ အမုန်းစကားဖြစ်စဉ်များကိုဆန့်ကျင်၍ ခိုင်မာစွာချက်ချင်းဟောပြောပေးရမည့် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ အမုန်းတရားများအားပွားများရန်လှုံ့ဆော်မှုကို တုံ့ပြန်မှုအဖြစ် အကြမ်းဖက်မှုအား မည်သည့်အခါမျှသည်းခံလိမ့်မည် မဟုတ်ကြောင်းကို ရှင်းလင်းအောင်ပြုလုပ်ထားရပါမည်။

ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်သူများသည် ရက်စက်ယုတ်မာသောရာဇဝတ်မှုများနှင့် သွေးထိုးလှုံ့ဆော်မှုများကို တားဆီးကာကွယ်ရာတွင် ခိုင်မာအားကောင်းသောမိတ်ဖက်များဖြစ်နိုင်သောကြောင့် နိုင်ငံတော်အဆင့်၊ ဒေသတွင်းအဆင့်၊ နိုင်ငံတကာအဆင့်အင်စတီကျူးရှင်းများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ သတင်းမီဒီယာများသည် ရက်စက်ယုတ်မာသောရာဇဝတ်မှုများအား တားဆီးကာကွယ်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရာတွင် ဘာသာရေးခေါင်းဆောင်များနှင့် ပူးပေါင်းပါဝင်လုပ်ဆောင်သင့်ပါသည်။

## Fez လုပ်ငန်းစဉ်

Fez လုပ်ငန်းစဉ်ဆိုသည်မှာ အတုမရှိ၊ သတင်းအချက်အလက်စုံလင်၍ အချိန်နှင့်တပြေးညီပြုလုပ်သောဆွေးနွေးတိုင်ပင်မှုဖြစ်စဉ်စီးရီးတခုဖြစ်ပါသည်။ ၎င်းတွင်အဓိကအားဖြင့် ဘာသာရေးခေါင်းဆောင်များနှင့်

[5] A/HRC/22/17/Add.4, appendix, para. 29, http://www.ohchr.org/Documents/Issues/Opinion/SeminarRabat/Rabat_draft_outcome.pdf

အဓိကလုပ်ဆောင်နေသူများသာမက အစိုးရအရာရှိများ၊ သီးခြားရပ်တည်နေသော ကုလသမဂ္ဂအဖွဲ့များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပဋိပက္ခတားဆီးကာကွယ်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် အလုပ်လုပ်နေကြသော ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများလည်း ပါဝင်ပါသည်။ ၎င်းသည် ရက်စက်ယုတ်မာသောရာဇဝတ်မှုများဖြစ်ပွားစေနိုင်သည့် သွေးထိုးလှုံ့ဆော်မှုများအား တားဆီးကာကွယ်ရန် မဟာဗျူဟာရေးဆွဲရန်အတွက် ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်နေသူများနှင့် ပူးပေါင်းလုပ်ဆောင်သည့် ပထမဆုံးသော လုပ်ငန်းစဉ်ဖြစ်ပါသည်။

၎င်းအကြံပြုဆွေးနွေးတိုင်ပင်မှုများအား ၂၀၁၅ ဧပရယ်လ်နှင့် ၂၀၁၆ ဒီဇင်ဘာလအတွင်းတွင် ကျင်းပခဲ့ကာ ကုလသမဂ္ဂလူမျိုးတုန်းသတ်ဖြတ်မှုတားဆီးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာရုံးမှ ဦးဆောင်ကျင်းပခဲ့ပါသည်။ KAICIID၊ World Council of Churches၊ Network for Religious and Traditional Peacemakers အပါအဝင် အဖွဲ့အစည်းများသည် Fez လုပ်ငန်းစဉ်အား ပံ့ပိုးကူညီခဲ့ကြပါသည်။ ထို့အပြင် အီသီယိုးပီးယား၊ မော်ရိုကို၊ အီတလီ၊ ဂျော်ဒန်၊ ထိုင်း၊ အမေရိကန်အစိုးရများမှလည်း ၎င်းအကြံပြုဆွေးနွေးတိုင်ပင်ပွဲများအား လက်ခံကျင်းပပေးခြင်းအားဖြင့် လုပ်ငန်းစဉ်အား ကူညီပံ့ပိုးပေးခဲ့ကြပါသည်။

ယခုလုပ်ငန်းစဉ်တွင် 'ဘာသာရေးခေါင်းဆောင်များ' ဆိုသည်မှာ ၎င်းတို့၏သက်ဆိုင်ရာဘာသာရေးအင်စတီကျူးရှင်းများ သို့မဟုတ် လူ့အဖွဲ့အစည်းများမှ ခေါင်းဆောင်ဆိုသည့်အခန်းကဏ္ဍကို တရားဝင်အပ်နှင်းထား၍ နှင့်/သို့မဟုတ် တရားဝင်ဘာသာရေးဆိုင်ရာအရည်အချင်းသတ်မှတ်ချက်များရှိပြီးသူများကို ဆိုလိုပါသည်။ 'ဘာသာရေးအဓိကလုပ်ဆောင်နေသူများ' တွင် ဘာသာအချင်းချင်းကြားအရေးကိစ္စရပ် သို့မဟုတ် ဘာသာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားချင်းစာနာမှုကိစ္စရပ်များ လုပ်ကိုင်ဆောင်ရွက်နေကြသူများ၊ ဘာသာရေးအား ပညာရေးနောက်ခံဖြင့် သင်ကြားပြသနေသူများ ပါဝင်ပါသည်။

Rabat လုပ်ဆောင်ရန်အစီအစဉ်အားချမှတ်ပြီးနောက် Fez လုပ်ငန်းစဉ်အား ရက်စက်ယုတ်မာသောရာဇဝတ်မှုများဖြစ်ပွားစေနိုင်သည့် အကြမ်းဖက်ရန်သွေးထိုးလှုံ့ဆော်များ တားဆီးကာကွယ်ရာတွင် ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်နေသူများပါဝင်မည့် သီးခြားအခန်းကဏ္ဍအား နက်နက်ရှိုင်းရှိုင်း သရုပ်ခွဲဆန်းစစ် ဆွေးနွေးခဲ့ကြပါသည်။ ၎င်းအခြေအနေတွင် Fez လုပ်ငန်းစဉ်သည် ဥပဒေရေးရာအရ ပြန်လည်တုံ့ပြန်မှုအလွန်သို့သွားရန်နှင့် အမုန်းစကားများအား တားဆီးကာကွယ်ခြင်းနှင့် တန်ပြန်ခြင်းတွင် ထင်ရှားမှုနည်းသော်လည်း ဩဇာလွှမ်းမိုးနိုင်သည့် အဓိကလုပ်ဆောင်နေသူများအပေါ် အဓိကထားရန် Rabat လုပ်ဆောင်ရန်အစီအစဉ်တွင် ပေးထားသောအကြံပြုချက်များအပေါ် တုံ့ပြန်ထားမှုဖြစ်ပါသည်။

Fez လုပ်ငန်းစဉ်၏ ပထမဆုံးအကြံပြုဆွေးနွေးပွဲအား KAICIID နှင့် မော်ရိုကိုအစိုးရ၏ထောက်ပံ့မှုဖြင့် မော်ရိုကိုတွင် ၂၀၁၅ ဧပရယ်လ်လတွင် ကျင်းပပြုလုပ်ခဲ့ကာ ကမ္ဘာတဝန်းမှဘာသာရေးခေါင်းဆောင်အကြီးအကဲများ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည့် အပြုသဘောဆောင်သည့် ဆွေးနွေးချက်များမှ ("Fez ကြေညာစာတမ်း" ဟုလည်းခေါ်ဆိုသည့်) ဥပဒေသဆိုင်ရာ ကြေညာချက်မူကြမ်းနှင့် ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်နေသူများအတွက် ရက်စက်ယုတ်မာသောရာဇဝတ်မှုများဖြစ်ပေါ်စေနိုင်သည့် သွေးထိုးလှုံ့ဆော်မှုများအား တားဆီးကာကွယ်ရန် ("Fez" လုပ်ဆောင်ရန်

အစီအစဉ်ဟုလည်းခေါ်ဆိုသည့်) လုပ်ဆောင်ရန်အစီအစဉ်မူကြမ်း ထွက်ပေါ်လာခဲ့ပါသည်။ ဒေသတွင်း အကြံပြုဆွေးနွေးမှုများမှ[6] အကြမ်းဖက်စေရန်သွေးထိုးလှုံ့ဆော်မှုများကို တားဆီးကာကွယ်ရန် ဘာသာရေး ခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်နေသူများအတွက် ဒေသဆိုင်ရာမဟာဗျူဟာများ ရေးဆွဲနိုင်ခဲ့ကာ (၎င်းအား ဒေသဆိုင်ရာလုပ်ဆောင်ရန်အစီအစဉ်များဟုလည်းခေါ်ဆိုပါသည်) Fez လုပ်ဆောင်ရန်အစီအစဉ် ကိုလည်း ပြန်လည်မွမ်းမံနိုင်ခဲ့ပါသည်။

၎င်းအကြံပြုဆွေးနွေးပွဲများသို့ နိုင်ငံပေါင်း ၇၇ နိုင်ငံမှ[7] ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင် နေသူပေါင်း ၂၃၂ ယောက် တက်ရောက်ခဲ့ကြပါသည်။ တက်ရောက်လာသူများမှာ မတူညီသောအုပ်စုများ၊ ဘာသာရေးဂိုဏ်းခွဲများမှ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ မွတ်စလင်၊ ဟိန္ဒူ၊ ဂျူး၊ ဆစ်ခ်များအပြင် Baha'i, Kakai, Yazidi, Candomblé နှင့် လူသားပဓါနဝါဒီအပါအဝင် လူနည်းစုဘာသာရေးအုပ်စုများမှ ကိုယ်စားလှယ်များ လည်း တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အနည်းဆုံး ၃၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြပါသည်။

## ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်နေသူများအတွက် ရက်စက်ယုတ်မာသောရာဇဝတ်မှုများ ဖြစ်ပေါ်စေနိုင်သည့် သွေးထိုးလှုံ့ဆော်မှုများအား တားဆီးကာကွယ်ရေး လုပ်ဆောင်ရန်အစီအစဉ်

ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်နေသူအတွက် ရက်စက်ယုတ်မာသောရာဇဝတ်မှုများ ဖြစ်ပေါ်စေနိုင်သည့် သွေးထိုးလှုံ့ဆော်မှုများအား တားဆီးကာကွယ်ရေးလုပ်ဆောင်ရန်အစီအစဉ် ("လုပ်ဆောင်ရန်အစီအစဉ်") သည် Fez လုပ်ငန်းစဉ်အတွင်း ရရှိခဲ့သော ဒေသဆိုင်ရာအကြံပြုဆွေးနွေးပွဲများ အားလုံး၏ အကြံပြုချက်များမှ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါသည်။ ဒေသဆိုင်ရာလုပ်ဆောင်ရန်အစီအစဉ် ပုံသဏ္ဌာန်ဖြင့်ရှိနေသော ၎င်းအကြံပြုချက်များအား နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။

၎င်းလုပ်ဆောင်ရန်အစီအစဉ်သည် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများ အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်များအား မြှင့်တင်လေးစားခြင်းများဖြင့် ပေါင်းစပ်ထားပါသည်။ လုပ်ဆောင်ရန်အစီအစဉ်တွင်ပါဝင်သော ၎င်းအကြံပြုချက်များသည် အခြေအနေအမျိုးမျိုးနှင့်သင့်လျော်၍ လူ့အခွင့်အရေးချိုးဖောက်မှုများအား

[6] Fez (Morocco), April 2015; Treviso (Italy), September 2015; Amman (Jordan), November 2015; Washington D.C. (United States of America), February-March 2016; Addis Ababa (Ethiopia), May 2016; Bangkok (Thailand), December 2016.

[7] Argentina, Australia, Austria, Bahrain, Belgium, Bosnia and Herzegovina, Brazil, Burundi, Cambodia, Canada, Central African Republic, Chad, Chile, China, Colombia, Cote d'Ivoire, Democratic Republic of the Congo, Denmark, Egypt, El Salvador, Eritrea, Ethiopia, Finland, France, Germany, Guatemala, Guyana, Haiti, India, Indonesia, Iraq, Ireland, Israel, Italy, Jordan, Kenya, Lebanon, Liberia, Libya, Malawi, Malaysia, Maldives, Mongolia, Morocco, Mozambique, Myanmar, Nepal, The Netherlands, New Zealand, Nicaragua, Nigeria, Pakistan, Palestine, Peru, Philippines, Poland, Romania, Rwanda, Saudi Arabia, Senegal, Sierra Leone, Singapore, South Africa, South Sudan, Spain, Sri Lanka, Sudan, Sweden, Switzerland, Syria, Thailand, Tunisia, Turkey, Uganda, United Kingdom, United States, Zimbabwe.

ကာကွယ်စောင့်ရှောက်ခြင်း၊ အကြမ်းဖက်အစွန်းရောက်ဝါဒအား တားဆီးကာကွယ်ခြင်း၊ ပဋိပက္ခများအား တားဆီးကာကွယ်များအပါအဝင် တခြားအခင်းအကျင်းတွင်လည်း အသုံးပြုနိုင်ပါသည်။

လုပ်ဆောင်ရန်အစီအစဉ်သည် အဓိကအားဖြင့် ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်နေသူများ အတွက်ရည်ရွယ်သော်လည်း ၎င်းတွင် နိုင်ငံများနှင့် နိုင်ငံတော်အင်စတီကျူးရှင်းများ၊ လောကီ (ဘာသာရေး နှင့်မဆိုင်သော) အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာသစ်များ၊ ရိုးရာအစဉ်အလာမီဒီယာများအပါအဝင် တခြားအဓိကလုပ်ဆောင်နေသူများအတွက်လည်း အကြံပြုချက်များအသေးစိတ်ပါဝင်ပါသည်။ ရက်စက် ယုတ်မာသောရာဇဝတ်မှုများနှင့် သွေးထိုးလှုံ့ဆော်မှုများအား တားဆီးကာကွယ်ခြင်းသည် မတူညီသော အဓိကလုပ်ဆောင်နေသူများသည် တူညီသောရည်မှန်းချက်အတွက် ပူးပေါင်းဆောင်ရွက်မှသာလျှင် အောင်မြင်နိုင်မည့် အလွှာအထပ်ထပ်ပါဝင်သည့် ကြိုးပမ်းအားထုတ်မှုပင်ဖြစ်ပါသည်။

လုပ်ဆောင်ရန်အစီအစဉ်အား ပရိုဂရမ်ဆိုင်ရာကိရိယာတခုအဖြစ်ရည်ရွယ်ထားပါသည်။ ၎င်းသည် ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်နေသူများ၊ တခြားသက်ဆိုင်ရာလုပ်ဆောင်ပါဝင်သူများ၏ အလုပ်များအား သတင်းပေးရန်၊ အကြံပြုရန်နှင့် အကြမ်းဖက်ရန်လှုံ့ဆော်မှုကို တားဆီးကာကွယ်ရန် ၎င်းတို့ လုပ်ဆောင်နိုင်မည့်နည်းလမ်းများအတွက် အမြင်သဘောထားများနှင့် အကြံပြုချက်များအား ပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။

လုပ်ဆောင်ရန်အစီအစဉ်တွင် အုပ်စုကြီး (၃) စုထဲ၌ အဓိကအကြံပြုချက် (၉) အုပ်စု ပါဝင်ပါသည်။

**တားဆီးကာကွယ်ခြင်း**

၁။အကြမ်းဖက်စေရန်သွေးထိုးလှုံ့ဆော်မှုများအား တားဆီးကာကွယ်တန်ပြန်ရန် သီးခြားလုပ်ဆောင်ချက်များ၊

၂။ အကြမ်းဖက်အစွန်းရောက်ဝါဒဖြစ်ပေါ်စေရန် သွေးထိုးလှုံ့ဆော်မှုများအား တားဆီးကာကွယ်ခြင်း၊

၃။ ကျား–မအခြေပြုအကြမ်းဖက်မှုဖြစ်ပေါ်စေရန် သွေးထိုးလှုံ့ဆော်မှုများအား တားဆီးကာကွယ်ခြင်း၊

**မြှင့်တင်ခြင်း**

၄။ ပညာရေးနှင့် စွမ်းရည်တည်ဆောက်မှု မြှင့်တင်ပေးခြင်း၊

၅။ ဘာသာအချင်းချင်းကြား၊ ဘာသာဝင်အချင်းချင်းကြားတွေ့ဆုံဆွေးနွေးမှုကိုမြှင့်တင်ခြင်း၊

၆။ ရိုးရာအစဉ်အလာမီဒီယာများနှင့် မီဒီယာအသစ်များအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

၇။ ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်များဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို မြှင့်တင်ခြင်း၊

**တည်ဆောက်ခြင်း**

၈။ လူ့အခွင့်အရေးများအား လေးစားခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ မြှင့်တင်ခြင်းမှတဆင့် ငြိမ်းချမ်း၊ မျှတ၊ အားလုံးပါဝင်မှုရှိသည့် လူ့အဖွဲ့အစည်းများ တည်ဆောက်ခြင်း၊

၉။ ဘာသာရေးခေါင်းဆောင်များအတွက် ကွန်ယက်များတည်ဆောက်ခြင်း။

## အကောင်အထည်ဖော်ခြင်း

Fez လုပ်ငန်းစဉ်အတွင်း ကျင်းပခဲ့သည့်အစည်းအဝေးများတွင် တက်ရောက်ခဲ့သူများအပါအဝင် Fez လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်သူ ရပ်ရွာလူ့အဖွဲ့အစည်းမှ အဓိကလုပ်ဆောင်နေသူများသည် ဒေသတွင်းအဆင့်၊ နိုင်ငံတော်အဆင့်နှင့် ဒေသန္တာရအဆင့်များတွင် အကောင်အထည်ဖော်မည့် လုပ်ဆောင်ရန်အစီအစဉ်အတွက် မဖြစ်မနေလိုအပ်သူများဖြစ်ပါသည်။ လုပ်ဆောင်ရန်အစီအစဉ်အား ပြည့်ပြည့်စုံစုံ၊ ကျယ်ကျယ်ပြန့်ပြန့်အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတော်နှင့်ဘာသာရေးအင်စတီကျူးရှင်းများ၊ လောကီနှင့်ဘာသာရေးအရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာသစ်များ၊ ရိုးရာအစဉ်အလာမီဒီယာများ၊ ပညာရေးနှင့်ပညာရေးအသိုင်းအဝိုင်းအင်စတီကျူးရှင်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာပတ်သက်ဆက်နွယ်သူများမှ ဝိုင်းဝန်းလုပ်ဆောင်ရန် အကြံပြုပါသည်။ ယခုလုပ်ငန်းစဉ်တွင် ကတိကဝတ်ပြုထားသည့် ကုလသမဂ္ဂ၊ အဓိကအရပ်ဖက်လူ့အဖွဲ့အစည်း မိတ်ဖက်များ၊ ယုံကြည်မှုအခြေပြု အဓိကလုပ်ဆောင်နေသူများနှင့်အတူ ကုလသမဂ္ဂလူမျိုးတုန်းသတ်ဖြတ်မှုတားဆီးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာရုံးသည် လုပ်ဆောင်ရန်အစီအစဉ်အားအကောင်အထည်ဖော်ခြင်း၊ ၎င်းလုပ်ဆောင်မှုများအား အကဲဖြတ်ဆန်းစစ်ခြင်း၊ ၎င်းတို့မှရရှိသော ကောင်းမွန်သောအလေ့အထများနှင့် သင်ခန်းစာများအား ဖြန့်ဝေပေးခြင်းများနှင့်ဆက်စပ်သော လုပ်ဆောင်မှုများအား ဆက်လက်စီမံခန့်ခွဲသွားပါမည်။

လုပ်ဆောင်ရန်အစီအစဉ်အားအကောင်အထည်ဖော်ခြင်းသည် ရက်စက်ယုတ်မာသောရာဇဝတ်မှုများအား တားဆီးကာကွယ်ရန် အထူးသဖြင့်ဘာသာရေးနှင့် ဘာသာရေးဂိုဏ်းခွဲများအကြား တင်းမာမှုများ၊ အကြမ်းဖက်မှုများဖြစ်ပွားနေသော ဒေသများတွင် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။ ၎င်းအား အကောင်အထည်ဖော်မှုသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်များအပါအဝင် လူ့အခွင့်အရေးအား လေးစားခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ မြှင့်တင်ခြင်းများကိုလည်း တိုးတက်စေပါသည်။

## ဘာသာရေးခေါင်းဆောင်များ၊ အစိကလုပ်ဆောင်နေသူများအတွက် ရက်စက်ယုတ်မာသောရာဇဝတ်မှုများ ဖြစ်ပေါ်စေနိုင်သည့် သွေးထိုးလှုံ့ဆော်မှုများအား တားဆီးကာကွယ်ရေး လုပ်ဆောင်ရန်အစီအစဉ်

### တားဆီးကာကွယ်ခြင်း

### ၁။ အကြမ်းဖက်စေရန်လှုံ့ဆော်မှုများအား တားဆီးကာကွယ်တန်ပြန်ရန် သီးခြားလုပ်ဆောင်ချက်များ

**ရည်ရွယ်ချက်များ –** (က) အကြမ်းဖက်စေရန်လှုံ့ဆော်ပေးသည့် အမုန်းစကား သို့မဟုတ် ရန်လိုမှုသတင်းစကားများအား ပျံ့နှံ့စေခြင်း၊ ဖြန့်ဝေခြင်းမှ ရှောင်ကြဉ်ရန်၊ (ခ) တခြားလူ့အဖွဲ့အစည်းအား ပစ်မှတ်ထားနေချိန်တွင် အသံတိတ်မနေရန်၊ (ဂ) အကြမ်းဖက်စေရန်လှုံ့ဆော်မှုများအား စောင့်ကြည့်ထိန်းချုပ်ရန်၊ လူသိရှင်ကြားရှုံ့ချတုံ့ပြန်ရန်၊ (ဃ) မတူကွဲပြားသည့်သတင်းစကားများ ပံ့ပိုးပေးရန်၊ (င) ယုံတမ်း (ဒဏ္ဍာရီ) များအား ဖွင့်ချ၍ မှားယွင်းသောကောလဟလာများကို ပြန်လည်ချေပရန်၊ (စ) သွေးထိုးလှုံ့ဆော်မှုတွင် တာဝန်ရှိသည့် ဟောပြောသူ နှင့်/သို့မဟုတ် ရက်စက်ယုတ်မာသောရာဇဝတ်မှုများ ဖြစ်ပေါ်စေနိုင်သည့် အကြမ်းဖက်ရန် တောင်းဆိုမှုအားတုံ့ပြန်ရန် ဖြားယောင်းခံထားရသည့် လူပုဂ္ဂိုလ်ပရိတ်သတ်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် ပါဝင်ရန်၊ (ဆ) ယုံကြည်သည့်ရပ်ရွာလူ့အဖွဲ့အစည်းများအပေါ် အပြုသဘောဆောင်လွှမ်းမိုး၍ ၎င်းတို့၏ တားဆီးကာကွယ်ရန်လုပ်ဆောင်ချက်များအား ထောက်ပံ့ပေးရန်၊ (ဇ) အကြမ်းဖက်ရန်လှုံ့ဆော်ခံရသူအား စည်းလုံးညီညွတ်မှုအား ပြသရန်။

#### ဦးတည်သူ (ပစ်မှတ်) ၁။ ဘာသာရေးခေါင်းဆောင်များနှင့် အစိကလုပ်ဆောင်နေသူများ

- တင်းမာမှုများမြင့်တက်လာခြင်းမှ ကာကွယ်တားဆီးရန် သွေးထိုးလှုံ့ဆော်မှုများ ပေါ်ပေါက်လျှင် ပေါ်ပေါက်ချင်း တုံ့ပြန်ဆောင်ရွက်ပါ။
- သာမန်ရာဇဝတ်မှုများသာလျှင် ဖြစ်ပေါ်စေသည့် ဟောပြောမှုနှင့် အကြမ်းဖက်စေရန်လှုံ့ဆော်ပေးသည့် ဟောပြောမှုအကြား ခြားနားချက်ကို လေ့လာထားပါ။
- အကြမ်းဖက်စေရန်လှုံ့ဆော်ပေးသည့် အမုန်းစကားများအား စဉ်ဆက်မပြတ်သတ်မှတ်ဖော်ထုတ်ရန်နှင့် ရင်ဆိုင်တုံ့ပြန်ရန်အတွက် ဆိုရှယ်မီဒီယာအပါအဝင် သတင်းမီဒီယာများအား စောင့်ကြည့်ထိန်းချုပ်ပါ။
- ယုံကြည်မှုအကြောင်း ကောင်းမွန်သောပုံရိပ်များနှင့် ဇာတ်လမ်းများ ဖြန့်ဝေပေးပါ။
- မိမိ၏ ရပ်ရွာလူ့အဖွဲ့အစည်းအား ပစ်မှတ်အထားခံနေရစဉ်သာမက ဘာသာမတူသောလူ့အဖွဲ့အစည်းတခုအား ပစ်မှတ်အထားခံနေရပါက ၎င်းကိုလူသိရှင်ကြားရပ်တည်ပြောဆိုပါ။
- လူ့အခွင့်အရေးနှင့် တရားမျှတမှု၊ အဖိနှိပ်ခံသူများဖက်မှ ထောက်ပံ့ကူညီနေသူ တခြားဘာသာရေးခေါင်းဆောင်များ၊ အစိကလုပ်ဆောင်နေသူများ၏ ဦးဆောင်လှုပ်ရှားနေမှုများကို ထောက်ခံပါ။
- အမုန်းတရားနှင့် အကြမ်းဖက်မှုကိုလှုံ့ဆော်ပေးသည့် ဘာသာရေးခေါင်းဆောင်များ၊ အာဏာပိုင်များမှ ထုတ်ပြန်သော ဘာသာရေးထုတ်ပြန်ချက်များ၊ ဒီကရီများအား စောင့်ကြည့်ပါ။ စုဆောင်းပါ။ ဖြန့်ဝေပါ။

- သွေးထိုးလှုံ့ဆော်မှုများအား ရှုံ့ချသော နှင့်/သို့မဟုတ် တခြားမှုကွဲသတင်းစကားများအား ပြောကြားနေသော ဘာသာရေးခေါင်းဆောင်များ၊ အာဏာပိုင်များ၏ ဘာသာရေးဆိုင်ရာထုတ်ပြန်ချက် အစီရင်ခံစာများ၊ ဒီကရီများအား ထုတ်ဝေဖြန့်ဖြူးပါ။
- ဇာတ်လမ်းများအား ပုံစံပြန်ချရန် မီဒီယာအသစ်နှင့် ရိုးရာအစဉ်အလာမီဒီယာမဟာဗျူဟာများအား တည်ဆောက်မျှဝေပါ။ ထိုသို့ဆောင်ရွက်ရာတွင် သတင်းစကားများသည် မှန်ကန်သောလူထုဆီသို့ ရောက်ရှိခြင်းကို သေချာစေရန် ကျွမ်းကျင်ပညာရှင်များဖြင့်တိုင်ပင်ပါ။
- အွန်လိုင်းနှင့် အွန်လိုင်းပြင်ပတွင် အပြုသဘောဆောင်သော တခြားမှုကွဲဟောပြောမှုများ ဖြန့်ဝေပါ။
- သွေးထိုးလှုံ့ဆော်မှုများအား တားဆီးကာကွယ်တန်ပြန်ခြင်းနှင့်ပတ်သက်သည့် အောင်မြင်သော ဇာတ်လမ်းများအား ဖြန့်ဝေပါ။
- တန်ပြန်မှုကွဲသတင်းစကားများအား ဒေသိယစကားများအပါအဝင် ဒေသခံဘာသာစကားများအား အသုံးပြု၍ ဖြန့်ဝေပါ။
- မီဒီယာအသစ်၊ ရိုးရာအစဉ်အလာမီဒီယာများမှတဆင့် ချစ်ခြင်းမေတ္တာ၊ သွေးစည်းညီညွတ်မှုများဖော်ပြ၍ အမုန်းတရားများအား တုံ့ပြန်သောဘာသာရေးခေါင်းဆောင်များ၊ ရပ်ရွာလူ့အဖွဲ့အစည်းများ၏ ဇာတ်လမ်းများကို ရှင်းပြပါ။
- ရန်လိုသူများ သို့မဟုတ် ခွဲခြားဆက်ဆံမှု သို့မဟုတ် အစွန်းရောက်အတွေးအမြင် (အိုင်ဒီယော်လော်ဂျီ) ရှိသူများအပါအဝင် ရပ်ရွာလူ့အဖွဲ့အစည်းများ၊ လူထုပရိတ်သတ်များအားလုံးနှင့် တွေ့ဆုံဆွေးနွေးမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။
- "သွေးထိုးလှုံ့ဆော်ခံရသူ (သားကောင်) များ" ကိုနားထောင်၍ ၎င်းတို့၏ရှုဒေါင့်အမြင်များအား တသားတည်းဖြစ်အောင်ပေါင်းစပ်ပါ။
- တင်းမာမှုများမြင့်တက်နေသည့်အခြေအနေများတွင် တန်ပြန်မှုကွဲသတင်းစကားများအား ဖြန့်ဖြူးပေးရန် တာဝန်ပေးနိုင်သည့် လွှမ်းမိုးမှုရှိ၍ စူးစိုက်လုပ်ကိုင်ဆောင်ရွက်နိုင်မည့် ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်နေသူများအား သတ်မှတ်ဖော်ထုတ်ပါ။
- သင့်လျော်သည့်အခါ အကြမ်းဖက်စေရန်လှုံ့ဆော်မှု၊ အမုန်းစကားများ၏ အကြောင်းရင်းနှင့်မူလဇစ်မြစ်များအားတားဆီးရန် နိုင်ငံတော်အဆင့်ဘာသာအချင်းချင်းကြားလေ့လာမှုများ တည်ထောင်ပါ။ အကြမ်းဖက်မှုများ၏ တွေ့ရလေ့ရှိသော၊ ဖွဲ့စည်းတည်ဆောက်ထားသော၊ ယဉ်ကျေးမှုဆိုင်ရာဇစ်မြစ်များအား သတ်မှတ်ဖော်ထုတ်၍ သရုပ်ခွဲဆန်းစစ်ပါ။
- အကြမ်းဖက်ရန်လှုံ့ဆော်မှုများအား တားဆီးကာကွယ်တန်ပြန်ရန် လက်ရှိတည်ရှိနေသော ဦးဆောင်လုပ်ရှားမှုများအား မြှင့်တင်၊ ပံ့ပိုးပေးနိုင်ရန်အလို့ငှာ အောက်ဖော်ပြပါတို့အပါအဝင် မြေပုံရေးဆွဲပါ။
    - ဘာသာရေးအဓိကလုပ်ဆောင်နေသူများအတွက် ပညာပေးနေသော၊ သင်တန်းများပေးနေသော ပညာရေးအင်စတီကျူးရှင်းများ၊

- ဆိုရှယ်၊ ပုံနှိပ်၊ ရုပ်မြင်သံကြားနှင့် တခြားမီဒီယာကုမ္ပဏီများ၊
- ရပ်ရွာအခြေပြုဦးဆောင်လှုပ်ရှားမှုများအတွက်တာဝန်ရှိသော အဖွဲ့အစည်းများ၊
- ဘာသာရေးနှင့် လောကီအင်စတီကျူးရှင်းများ၊ အဖွဲ့အစည်းများ၊
- ဘာသာအချင်းချင်းကြား၊ ဘာသာဝင်အချင်းချင်းကြားတွေ့ဆုံဆွေးနွေးမှုများ၊ ပညာပေးမှုများ၊ သင်တန်းပေးမှုများဆောင်ရွက်နေကြသောအင်စတီကျူးရှင်းများ၊

## ဦးတည်သူ (ပစ်မှတ်) ၂။ ဒေသခံရပ်ရွာလူ့အဖွဲ့အစည်းများ

- မည်သည့်ယုံကြည်မှုကို ကိုယ်စားပြုသည့် ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်သူများမဆို အကြမ်းဖက်ရန်လှုံ့ဆော်မှုများအား တားဆီးကာကွယ်ခြင်းနှင့်ပတ်သက်၍ လူသိရှင်ကြားရပ်တည်ပြောဆိုမှုများပြုလုပ်သည့်အခါတွင် ၎င်းတို့အားထောက်ခံပါ။
- အကြမ်းဖက်ရန်လှုံ့ဆော်မှုများကို တားဆီးကာကွယ်ဟန့်တားထိန်းချုပ်ရန် ခိုင်မာအားကောင်းသော ဘာသာစုံလူမှုရေးဆိုင်ရာ လုပ်ဆောင်ချက်ကမ်ပိန်းများအား ဆောင်ရွက်ပါ။ ကမ်းပိန်းခေါင်းဆောင်များသည် စုံလင်ကွဲပြားသည့်ယုံကြည်မှုနောက်ခံရှိသော လုပ်ဆောင်သူများ (အမျိုးသမီး၊ လူငယ်၊ မတူညီသောအသက်မွေးအလုပ်အကိုင်ရှိသူများ) ဖြစ်နေပါစေ။
- "လူအများအပြားစုဝေးမှု" ကဲ့သို့သော ရပ်ရွာအဆင့်ဦးဆောင်လုပ်ရှားမှုများကို လုပ်ဆောင်၍ လျင်မြန်စွာတုံ့ပြန်နိုင်သောကွန်ယက်များအား တည်ဆောက်ပါ။ သတင်းစာရှင်းလင်းပွဲများ၊ သတင်းထုတ်ပြန်ချက်များ၊ ဘလော့ဂ်များ၊ သတင်းစာဂျာနယ်များ၊ ဗွီဒီယိုများ၊ ရုပ်ရှင်များ၊ တေးဂီတများ၊ ရုပ်ပုံဖြင့်ဖော်ပြသည့်အနုပညာများမှတဆင့် သတင်းစကားများအား ပုံသဏ္ဌာန်မျိုးစုံဖြင့်ဖြန့်ဝေပါ။
- နာမည်ကျော်ကြားသူများအား ပြောရေးဆိုခွင့်ရှိသူများ၊ သံတမန်များအဖြစ် ခန့်အပ်ပါ။
- ဒေသန္တရအဆင့်အရာရှိများ၊ စာနယ်ဇင်းသမားများ (ဂျာနယ်လစ်များ) အပါအဝင် အစိုးရအရာရှိများနှင့် မိတ်ဖက်ဖွဲ့၍ ရေရှည်လုပ်ဆောင်ပါ။
- ယုံကြည်မှုအခြေပြုကမ်းပိန်းများတွင် လူငယ်ကိုယ်စားလှယ်များ (အသက် ၁၁ နှစ်မှ ၁၅ နှစ်ရှိသော လူငယ်များနှင့် ကောလိပ်၊ တက္ကသိုလ်ကျောင်းသားများ) ပါဝင်စေပါ။
- ကာလရှည်ယဉ်ကျေးမှုဆိုင်ရာပြောင်းလဲမှုများအပြင် တိကျသေချာ၍လုပ်ဆောင်နိုင်သော မူဝါဒပြောင်းလဲမှုများရရှိအောင် စူးစိုက်လုပ်ဆောင်ပါ။
- အမုန်းတရားများဖြင့်ပြည့်နှက်နေသော သတင်းစကားသယ်ဆောင်သူများနှင့် ဒေသခံရပ်ရွာလူ့အဖွဲ့အစည်း၏ မဟာမိတ်ပြုပူးပေါင်းဆောင်ရွက်မှုများအကြား ဘဏ္ဍာရေးဆိုင်ရာကွာဟချက်ကို ဖြေရှင်းရန် ဘဏ္ဍာရေးဆိုင်ရာဇစ်မြစ်များကို ရှာဖွေပါ။
- အကြမ်းဖက်စေရန်လှုံ့ဆော်မှုများအား တိုက်ဖျက်သော အပြုသဘောဆောင်သည့် နမူနာများကို ထုတ်ဖော်ပြသနိုင်သည့် တည်ရှိနေသော ပုံစံများနှင့် ဖြစ်ရပ်အလိုက်လေ့လာမှုများအား ရည်ညွှန်းပါ။

## ဦးတည်သူ (ပစ်မှတ်) ၃။ ပညာရေးဆိုင်ရာအင်စတီကျူးရှင်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ

- လူ့အခွင့်အရေးစောင့်ကြည့်လေလာမှု၊ အစီရင်ခံတိုင်ကြားမှုများအကြောင်း၊ ရက်စက်ယုတ်မာသော ရာဇဝတ်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများတားဆီးကာကွယ်ရေးအကြောင်း၊ အကြမ်းဖက်စေရန် လှုံ့ဆော်မှု များအား အကြမ်းမဖက်သောနည်းလမ်းဖြင့် ပြန်လည်တိုက်ခိုက်မှုများအကြောင်း၊ သွေးထိုးလှုံ့ဆော်မှု များအား ဟန့်တားထိန်းချုပ်ရန် ထိရောက်သောဆက်သွယ်ရေးမဟာဗျူဟာချမှတ်ခြင်းအကြောင်းကို ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်သူများအား သင်တန်းပေးပါ။
- ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်သူများအတွက် တိုင်းရင်းသား၊ ဘာသာရေးနှင့် ကျား–မရေးရာ စုံလင်ကွဲပြားမှုများအကြောင်း ရုပ်ဝတ္ထုပစ္စည်းများအား ဖန်တီးပြုလုပ်ပါ။
- အကြမ်းဖက်စေရန်သွေးထိုးလှုံ့ဆော်မှု၊ မူရင်းဇစ်မြစ်အကြောင်းရင်းများ၊ ၎င်းတို့အားပျံ့နှံ့စေသည့် သတင်းမီဒီယာများ၏အခန်းကဏ္ဍများအကြောင်း ပြုလုပ်ထားသောသုတေသနများကို အားပေးမြှင့်တင် ပါ။ အကြမ်းဖက်စေရန်လှုံ့ဆော်မှုကို တားဆီးကာကွယ်တန်ပြန်ရန်နည်းလမ်းများအတွက် အကြံပြုချက် များပေးပါ။
- ဘာသာရေးအုပ်စုများမှ ဖြန့်ဝေသော မူကွဲသတင်းစကားများအား အများပြည်သူထံသို့ ရောက်ရှိစေရန် အကောင်းဆုံးနည်းလမ်းများအကြောင်း ပြုလုပ်ထားသော သုတေသနများကို အားပေးမြှင့်တင်ပါ။

## ဦးတည်သူ (ပစ်မှတ်) ၄။ အစိုးရအင်စတီကျူးရှင်းများ

- ဘာသာရေးကိုစော်ကားပြောဆိုမှုများအတွက် ဥပဒေများရှိသည့် နိုင်ငံများသည် ၎င်းဥပဒေများအား ပယ်ဖျက်သင့်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းကဲ့သို့သောဥပဒေများသည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ပိုင်ခွင့်၊ ဘာသာရေးနှင့်ပတ်သက်သည့် ခိုင်မာသောတွေ့ဆုံဆွေးနွေးပွဲများ၊ စကားရည်လုပွဲများအပေါ် ဆိုးရွားသောသက်ရောက်မှုများ ရှိသောကြောင့်ဖြစ်ပါသည်။[8]
- အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် ၁၉ နှင့် ၂၀ အရ ဘာသာရေးဆိုင်ရာအမုန်းတရားများဖြစ်ပွားစေရန် လှုံ့ဆော်မှုကို တားဆီးကာကွယ်ရာတွင် လွတ်လပ်စွာ ထင်မြင်ယူဆပိုင်ခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်များအား လေးစားစေပါ။
- တဦးတယောက်ချင်း သို့မဟုတ် အင်စတီကျူးရှင်းဆိုင်ရာသတ္တိများကို အသိအမှတ်ပြု ထောက်ခံပါ။
- ဘာသာရေးခေါင်းဆောင်များအနေဖြင့် အကြမ်းဖက်အစွန်းရောက်ဝါဒ၊ လူငယ်များအားသိမ်းသွင်းခြင်း၊ "အမုန်းစကားများ"ကို တုံ့ပြန်ခြင်း၊ နိုင်ငံခြားသားကြောက်ခြင်း၊ လူမျိုးခွဲခြားရေးဝါဒ သို့မဟုတ် အကြမ်းဖက်စေရန်လှုံ့ဆော်မှုများအားဆန့်ကျင်၍ ရပ်တည်ပြောကြားချိန် သို့မဟုတ် ဆောင်ရွက်နေချိန် တွင် ၎င်းတို့ရင်ဆိုင်ရနိုင်သည့် ဘေးအန္တရာယ်များအတွက် လုံခြုံရေးဆိုင်ရာအရာရှိများအား အချိန်နှင့် တပြေးညီအကြောင်းကြားပေးပါ။

---

[8] A/HRC/22/17/Add.4, appendix, para. 25.

- အကယ်၍လိုအပ်ပါက လက်စားချေတိုက်ခိုက်မှုခံရနိုင်ခြေရှိသော ဘာသာရေးခေါင်းဆောင်များအတွက် ကာကွယ်စောင့်ရှောက်မှုများ ပံ့ပိုးပေးပါ။
- မှုကွဲဇာတ်လမ်းများမြင့်တင်ရေးကို ရည်ရွယ်သည့်လုပ်ရှားဆောင်ရွက်များအကြောင်း သတင်းအချက်အလက်များ ဖြန့်ဝေပါ။
- အကြမ်းဖက်ရန်သွေးထိုးလှုံ့ဆော်မှုများအား ရှုံ့ချသောဘာသာရေးဆိုင်ရာ သတင်းစကားများ၊ ထုတ်ပြန်ချက်များ၊ ဒီကရီများအား ထုတ်ဝေဖြန့်ဖြူးခြင်းကို ထောက်ပံ့ကူညီပါ။

## ၂။ အကြမ်းဖက်အစွန်းရောက်ဝါဒဖြစ်စေရန် လှုံ့ဆော်မှုများအား တားဆီးကာကွယ်ပါ။

**ရည်ရွယ်ချက်များ –** (က) အကြမ်းဖက်အစွန်းရောက်ဝါဒနှင့် အကြမ်းဖက်ဝါဒအား မြင့်တင်သည့်အတွေးအမြင်များကို ရင်ဆိုင်ရန်၊ (ခ) တိကျ၍ မသိမသာကွဲပြားသောအမြင်များမှတဆင့်အပါအဝင် ဘာသာရေးအစွန်းရောက်များ၏ လက်ဝါးကြီးအုပ်မှုများအား ကိုင်တွယ်ဖြေရှင်းရန်၊ (ဂ) အကြမ်းဖက်အစွန်းရောက်များနှင့် အကြမ်းဖက်အုပ်စုများ၏အစိတ်အပိုင်း သို့မဟုတ် ဆွဲဆောင်ခံထားရသူများအတွက် တန်ပြန်ဇာတ်လမ်းများ ပေးအပ်ရန်၊ (ဃ) အကြမ်းဖက်ဝါဒများတွင် ရပ်ရွာလူ့အဖွဲ့အစည်း အထူးသဖြင့် လူငယ်များ၏ကြံ့ကြံ့ခံတွန်းလှန်နိုင်မှုအား တည်ဆောက်ရန် (င) မှုကွဲလူငယ်ဆိုသည့်ကိုယ်ပိုင်သွင်ပြင်လက္ခဏာနှင့် ပိုင်ဆိုင်မှုရှိသည်ဟု ခံစားရစိတ်များဖန်တီးခြင်းတွင် တတပ်တအားဖြစ်စေရန်၊ နစ်နာချက်များအား ကိုင်တွယ်ဖြေရှင်းရန်။

### ဦးတည်သူ (ပစ်မှတ်) ၁။ ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်နေသူများ

- ဘာသာရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာစုံလင်ကွဲပြားမှု၊ ဘာသာတခုခု၏ယုံကြည်မှုအား ငြိမ်းချမ်းသည့်ပုံသဏ္ဍာန်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုခြင်းများအတွက် လေးစားမှုကို မြင့်တင်အားပေးပါ။
- အကြမ်းဖက်အစွန်းရောက်များ၏ မှိုင်းတိုက်ခံထားရသူများအတွက် မှုကွဲဇာတ်လမ်းများအား အသုံးပြုခြင်းအားဖြင့် ဖိနှိပ်ခံ၊ မျှော်လင့်ချက်မဲ့ခံစားမှုကဲ့သို့သော သိမ်းသွင်းသူများအား တန်ပြန်ပါ။
- တရားမမျှတမှုကို အပြုသဘောဆောင်သည့်နည်းလမ်းဖြင့်ကိုင်တွယ်ရာတွင် ဘာသာအချင်းချင်းကြား တရားမျှတမှုအခြေပြုဦးဆောင်လုပ်ရှားမှုများမှတဆင့်အပါအဝင် လူငယ်များအားပူးပေါင်းပါဝင်လုပ်ဆောင်စေပါ။
- လူငယ်များ၏ နစ်နာမှုများအား ၎င်းတို့ပြောကြားနေမှုများသည် ထိတ်လန့်တုန်လှုပ်ဖွယ် သို့မဟုတ် အငြင်းပွားဖွယ်ဖြစ်နေလျှင်တောင်မှ နားထောင်၍ ကိုင်တွယ်ဖြေရှင်းပေးပါ။
- တရားဟောပြောခြင်းအပြင် လူငယ်များအား စကားပြောဆိုရာတွင် တမူကွဲပြား၍ ထိုးထွင်းဉာဏ်ရှိသောနည်းလမ်းများအား ဖန်တီးအသုံးပြုပါ။ ဥပမာ။ ။ လူငယ်များအတွက် ဝတ်ပြုရန် ပွင့်လင်းသောနေရာဖြစ်၍ လူငယ်များအား ရပ်ရွာ၊ အားကစား၊ ယဉ်ကျေးမှုဆိုင်ရာ၊ ဘာသာအချင်းချင်းကြားအလုပ်များတွင်

ပါဝင်စေပါ။ မျိုးဆက်များအကြားနားလည်မှုများတိုးတက်စေရန် ကျောင်းသားများ၊ ကျောင်းသားကောင်စီများနှင့် တွေ့ဆုံဆွေးနွေးပွဲများအား မြှင့်တင်ပါ။

- ၎င်းတို့၏ ကျား–မရေးရာအမြင်များအပါအဝင် လူငယ်များအား သိမ်းသွင်းခြင်း၊ သိမ်းသွင်းမှုမပြုခြင်းဖြစ်စဉ်များအား သတိပြုနားလည်မှုများ တိုးပွားလာပါစေ။
- အကြမ်းဖက်အစွန်းရောက်ငြင်းခုံမှုများအား သတ်မှတ်ဖော်ထုတ်၍ ဘာသာရေးအဆုံးအမများ၊ ဥပဒေသများအပေါ်အခြေခံ၍ တန်ပြန်/မူကွဲသတင်းစကားပေါင်းချုပ်များအား ဖန်တီးပြုလုပ်ပါ။
- နိုင်ငံရေး သို့မဟုတ် ဘာသာရေးအစွန်းရောက်အမြင်ရှိသူများနှင့် အွန်လိုင်းအပါအဝင် တွေ့ဆုံဆွေးနွေးပွဲများတွင် ပါဝင်ပါ။ ဘာသာရေးအဆုံးအမများ၊ သတင်းစကားများအားအသုံးပြု၍ ၎င်းတို့၏အငြင်းအခုံများအား နားလည်အောင်ပြုလုပ်ပါ။ စနစ်တကျဖျက်သိမ်းပါ။ တန်ပြန်လုပ်ဆောင်ပါ။ မေးခွန်းအများဆုံးရှိသူများ၊ ဘာသာရေးအဆုံးအမများ၊ အမှာစကားများအား မှန်ကန်စွာသိရှိချင်သည့်အတွက် အဓိပ္ပာယ်ဖွင့်ဆိုပေးရန်တောင်းဆိုသူများအား ပစ်မှတ်ထားပါ။
- အပေါင်းလက္ခဏာနှင့် အနုတ်လက္ခဏာဆောင်သောအမှာစကားနှစ်ခုစလုံးအား သတ်မှတ်ဖော်ထုတ်တုံ့ပြန်နိုင်ရန်အလို့ငှာ ဘာသာရေးအမှာစကားများနှင့် အဆုံးအမများအားနားလည်စေရန်၊ အဓိပ္ပာယ်ဖွင့်ဆိုနိုင်စေရန် လူငယ်များအား ပညာပေးပါ။
- ရပ်ရွာလူ့အဖွဲ့အစည်းတခုအတွင်း ဖယ်ကျဉ်ခံလူငယ်များအပါအဝင် အကြမ်းဖက်အစွန်းရောက်အုပ်စုများ၏ တပ်သားသစ်စုဆောင်းခံရနိုင်ခြေရှိသောသူများထံ ရောက်ရှိအောင်ဆောင်ရွက်ပါ။
- အသိမ်းသွင်းခံရနိုင်ခြေရှိသည့် သို့မဟုတ် အကြမ်းဖက်အစွန်းရောက်အုပ်စုထဲဝင်သွားသည့်သူများအတွက် စိတ်ဝိညာဉ်ရေးရာအကြံပေးဆွေးနွေးမှုများ ပြုလုပ်ပါ။
- ပဋိပက္ခဒေသများမှပြန်လည်ရောက်ရှိလာသူ လူငယ်များအား ကျွမ်းကျင်သောထောက်ပံ့မှုနှင့် စိတ်ဝိညာဉ်ရေးရာအကြံပေးဆွေးနွေးမှုများပြုလုပ်ပါ။ ပညာရေးနှင့်အလုပ်အကိုင်များအတွက် အကြံပေးခြင်းများကဲ့သို့သော စိတ်ပိုင်းဆိုင်ရာ–လူမှုရေးအကူအညီများ၊ လူမှုရေးဆိုင်ရာဝန်ဆောင်မှုများပေးအပ်ခြင်းအပါအဝင် လူငယ်များအား ဖယ်ခွာခြင်း၊ သိမ်းသွင်းမှုလျှော့ချခြင်းများအားပံ့ပိုးကူညီပါ။
- "အကြမ်းဖက်သမားများအဖြစ်" ယူဆခံရသူများအပါအဝင် ပဋိပက္ခဇုန်တွင် ကွယ်လွန်သွားသောမိသားစုဝင်များ၏ သေခြင်းတရားများအား အမှတ်အသားပြုရန် ဘာသာရေးဆိုင်ရာအခမ်းအနားများ၊ တာဝန်ဝတ္တရားများအား ဆောင်ရွက်ရန်၊ ဝမ်းနည်းပူဆွေးရန် မိသားစုများ၏ အခွင့်အရေးများအား လေးစားပါ။
- သီးခြားဘာသာရေးဝတ်ပြုဆုတောင်းရန်နေရာများနှင့်တွဲဖက်လျက် မိဘများကွန်ယက်ကို ထူထောင်ပါ။

- ➢ လူငယ်များအပေါ်လုပ်ဆောင်သော သို့မဟုတ် လူငယ်များမှလုပ်ဆောင်သောအကြမ်းဖက်မှုများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များအားဖြေရှင်းရန် လူ့အဖွဲ့အစည်း၏မတူညီသောကဏ္ဍများနှင့် တွေ့ဆုံဆွေးနွေးမှုများအား မြှင့်တင်ပါ။
- ➢ လူငယ်များအား စီးပွားရေးဆိုင်ရာအခွင့်အလမ်းများနှင့် အသက်မွေးဝမ်းကြောင်းသင်တန်းများထောက်ပံ့ပေးခြင်း၏ အရေးကြီးမှုအကြောင်း နိုင်ငံတော်အင်စတီကျူးရှင်းများနှင့် ပုဂ္ဂလိကအခန်းကဏ္ဍအား အသိပေးတိုက်တွန်းစည်းရုံးပြောဆိုပါ (အက်ဒဗိုကေစီလုပ်ပါ)။

## ဦးတည်သူ (ပစ်မှတ်) ၂။ အစိုးရနှင့် အစိုးရအင်စတီကျူးရှင်းများ

- ➢ အကြမ်းဖက်အစွန်းရောက်ဝါဒအား တားဆီးကာကွယ်ရန် လုံခြုံရေးအခြေပြုနည်းလမ်းထက် တခုလုံးအခြေပြုနည်းလမ်းအား အကောင်အထည်ဖော်ပါ။
- ➢ နိုင်ငံတော်မှပြဋ္ဌာန်းထားသောဥပဒေများအားလေးစား၍ ဘာသာရေးဆိုင်ရာအခမ်းအနားများ၊ ရိုးရာဓလေ့များအား ကျင်းပနိုင်ရန် ဘာသာရေးဆိုင်ရာရပ်ရွာလူ့အဖွဲ့အစည်းများ၏ အခွင့်အရေးများအား လေးစားပါ။
- ➢ အကြမ်းဖက်အစွန်းရောက်ဝါဒနှင့် အကြမ်းဖက်စေရန်လှုံ့ဆော်မှုများအား တက်ကြွစွာတားဆီးကာကွယ်တန်ပြန်နေသော ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်သူများ၊ အင်စတီကျူးရှင်းများအား ဘဏ္ဍာရေးဆိုင်ရာနည်းလမ်းများအပါအဝင် ကူညီထောက်ပံ့ပေးပါ။
- ➢ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအားတည်ဆောက်ရန်အတွက် ဘာသာရေးခေါင်းဆောင်များအား ဒေသန္တရရဲတပ်ဖွဲ့ဖြင့် ချိတ်ဆက်ပေးပါ။
- ➢ အသိမ်းသွင်းခံထားရသူများ နှင့်/သို့မဟုတ် အသိမ်းသွင်းခံရနိုင်ခြေရှိသည့်သူများနှင့် ချိတ်ဆက်ပူးပေါင်းလုပ်ဆောင်နေသော ဘာသာရေးခေါင်းဆောင်များအပေါ် ကာကွယ်စောင့်ရှောက်မှုကို မြှင့်တင်ပေးပါ။
- ➢ အကြမ်းဖက်အစွန်းရောက်ရုပ်ဝတ္ထုပစ္စည်းများသိုလှောင်မှုကို တားမြစ်ထားသည့် နိုင်ငံတွင်းမှဥပဒေများသည် သွေးထိုးလှုံ့ဆော်မှုအမှာစကားများအား တန်ပြန်ရန်ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်အစွန်းရောက်ရုပ်ဝတ္ထုပစ္စည်းများအား စုဆောင်းနေသည့် ဘာသာရေးခေါင်းဆောင်များနှင့် တခြားသူများအား အပြစ်မပေးမိစေရန် ပြုလုပ်ထားရမည်။

## ဦးတည်သူ (ပစ်မှတ်) ၃။ အရပ်ဖက်လူမှုအဖွဲ့အစည်း

- ➢ အသိမ်းသွင်းခံရနိုင်ခြေရှိနေသည့် လူငယ်များနှင့်ချိတ်ဆက်ပူးပေါင်းလုပ်ဆောင်နေသည့် ဘာသာရေးခေါင်းဆောင်များ၏စွမ်းရည်များအား မြှင့်တင်ပေးပါ။

- (ယုံကြည်မှုအခြေပြုပညာပေးသူများအပါအဝင်) ပညာရေးနှင့်ပတ်သက်ဆက်နွယ်နေသူများအတွက် ကမ္ဘာလုံးဆိုင်ရာနိုင်ငံသားပညာရေး၊ သတင်းမီဒီယာနှင့် သတင်းအချက်အလက်တတ်မြောက်မှု (Global Citizenship Education and Media and Information Literacy) ၏ ပိုမိုကျယ်ပြန့်သော မူဘောင်အတွင်း လူငယ်များအားသိမ်းသွင်းခြင်းနှင့် အကြမ်းဖက်အစွန်းရောက်ဝါဒအားတားဆီးကာကွယ်ရန် ထိရောက်သောလုပ်ဆောင်ချက်များအား မည်သို့လုပ်ဆောင်ရမည်ဆိုသည့် ကျယ်ပြန့်သော လမ်းညွှန်ချက်များ ချမှတ်ပါ။
- အကြမ်းဖက်အစွန်းရောက်လွှမ်းမိုးမှုများအား သတိပြုတန်ပြန်နိုင်ရန်အလားအလာများဖြင့် မိသားစုများ၊ မိခင်များ၊ ဖခင်များအား အထူးသဖြင့် ၎င်းတို့အားကူညီ၍ သတင်းအချက်အလက်များရရှိစေရန် ပံ့ပိုးပေးပါ။ ၎င်းတို့၏ကလေးများအား သိမ်းသွင်းခံရနိုင်သည့် လက္ခဏာရပ်များအား အပြုသဘောဆောင်စွာ အသိအမှတ်ပြုပြန်လည်တုံ့ပြန်ပါ။ သိမ်းသွင်းသည့်အုပ်စုများထဲသို့ ၎င်းတို့၏ကလေးငယ်များ မဝင်ရောက်စေရန်ဖျောင်းဖျတားမြစ်ပါ။ ၎င်းတို့၏ကလေးငယ်များကိုယ်တိုင် ယင်းသို့သောအုပ်စုများနှင့် မပတ်သက်ပဲနေထိုင်ရန် စည်းရုံးပြောဆိုပါ။

## ဦးတည်သူ (ပစ်မှတ်) ၄။ အားလုံး

- အကြမ်းဖက်အစွန်းရောက်ငြင်းခုံမှုများ လျော့နည်းပပျောက်သွားစေမည့် သတင်းအချက်အလက်များ ပျံ့နှံ့စေခြင်းကို ပံ့ပိုးပေးပါ။ ယင်းကဲ့သို့သောသတင်းအချက်အလက်များအား ဒေသန္တရမူဝါဒများ ချမှတ်တိုးတက်စေရန် အလွယ်တကူရရှိနိုင်စေ၍ ကျယ်ကျယ်ပြန့်ပြန့်ပျံ့နှံ့ကာ လူငယ်များ၊ ပတ်သက်ဆက်နွယ်သူလူငယ်များမှ အသုံးပြုနိုင်ရန် ပြုလုပ်ပါ။
- ၎င်းတို့၏အမြင်များ၊ အပြုအမူများများ ၎င်းတို့ကိုယ်တိုင်ပြုပြင်ပြောင်းလဲသွားသော အကြမ်းဖက်အစွန်းရောက်များအား သတ်မှတ်ဖော်ထုတ်၍ အွန်လိုင်းနှင့် အွန်လိုင်းပြင်ပမီဒီယာများမှတဆင့်အပါအဝင် ၎င်းအကြောင်းအရာများအား အများပြည်သူသိရှိစေရန် ဆောင်ရွက်ပါ။
- ပဋိပက္ခဇုန်များအပါအဝင် အိမ်မှစွန့်ခွာ၍ အကြမ်းဖက်အစွန်းရောက်အုပ်စုများထဲသို့ ဝင်ရောက်သွားသူလူငယ်များ၏ မိသားစုများအား ဝေဖန်ရှုံ့ချခြင်းမပြုပဲ ကူညီပါ။
- သိမ်းသွင်းခြင်းနှင့် အကြမ်းဖက်အစွန်းရောက်ဝါဒအား တန်ပြန်တိုက်ခိုက်မှုတွင် နှစ်မြှုပ်ပြုလုပ်သော အဓိကလုပ်ဆောင်သူများ၊ ရှုယ်တူပညာပေးသူများဖြစ်လာစေရန် "လူငယ်သံတမန်" များအား သတ်မှတ်ဖော်ထုတ်၍ သင်တန်းပေးပါ။
- အနုပညာနှင့်အားကစားမှတဆင့် ဘာသာရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာစုံလင်ကွဲပြားမှုများအား မြှင့်တင်ပေးမည့် လှုပ်ရှားလုပ်ဆောင်မှုများမှတဆင့်အပါအဝင် အခြေခံလူတန်းစားအဆင့်တွင် ကမ္ဘာလုံး

ဆိုင်ရာနိုင်ငံသားပညာရေးနှင့် ထိုးထွင်းစဉ်းစားမှုများအား မြင့်တက်စေမည့် လုပ်ဆောင်မှုများအား အကောင်အထည်ဖော်ဆောင်ရွက်ပါ။

## ၃။ ကျား–မအခြေပြုအကြမ်းဖက်စေရန် လှုံ့ဆော်မှုကို တားဆီးကာကွယ်ခြင်း

**ရည်ရွယ်ချက်များ –** (က) လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ အမည်းစက်၊ ၎င်းနှင့်ယှဉ်တွဲပါလာသည့် ရှက်ရွံ့မှုများအား ကျော်ထောက်နောက်ခံပြုထားသော ယဉ်ကျေးမှုဆိုင်ရာ စိတ်နေသဘောထားများအား ကိုင်တွယ်ဖြေရှင်းရန်၊ (ခ) သွေးထိုးလှုံ့ဆော်မှုများအပါအဝင် ကျား–မအခြေပြုခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်မှုများအား ဟန့်တားထိန်းချုပ်ရန်၊ (ဂ) အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု၊ ဖယ်ထုတ်ထားမှုများကို တုံ့ပြန်ရန် လမ်းကြောင်းများ သို့မဟုတ် နေရာလွတ်များ ဖန်တီးပေး၍ ဘာသာရေးခေါင်းဆောင်မှုများတွင် တက်ကြွသော ပူးပေါင်းချိတ်ဆက်လုပ်ဆောင်မှုများ ပါဝင်လာစေရန်။

### ဦးတည်သူ (ပစ်မှတ်) ၁။ ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်နေသူများ

- အမျိုးသမီးများ၊ လိင်ပိုင်းဆိုင်ရာလူနည်းစုများနှင့်ဆက်စပ်၍ ခွဲခြားဆက်ဆံသော လူမှုရေးစံနှုန်းများ၊ အတွေးအခေါ်များအား ပြောင်းလဲရန် လုပ်ဆောင်ပါ။
- စစ်ပွဲ၏လက်နက်အဖြစ် သားမယားပြုကျင့်မှုကိုအသုံးပြုခြင်းအပါအဝင် ပုံသဏ္ဍာန်အားလုံးဖြင့် တည်ရှိနေသော ကျား–မအခြေပြုအကြမ်းဖက်မှုများအား ရှုံ့ချပြစ်တင်၍ အသိပေးတိုက်တွန်းစည်းရုံးပြောဆိုပါ။
- ရက်စက်ယုတ်မာသော ရာဇဝတ်မှုများအား တားဆီးကာကွယ်နေသော၊ အကြမ်းဖက်အစွန်းရောက်ဝါဒအား တန်ပြန်တိုက်ခိုက်နေသော ဘာသာရေးနှင့် ဘာသာရေးနှင့်မသက်ဆိုင်သောအမျိုးသမီးများ၏ ပုံရိပ်များအား မြှင့်တင်ပေးပါ။ ၎င်းကိစ္စရပ်များတွင် အမျိုးသမီးများကတိကဝတ်ပြု မြှပ်နှံလုပ်ကိုင်နိုင်စေရန် အမျိုးသမီးဘာသာရေးခေါင်းဆောင်အုပ်စုခွဲများအား တည်ထောင်ပါ။
- ကျား–မရေးရာအခြေပြုအကြမ်းဖက်မှုအတွက် "မှတ်ဉာဏ်များအား ကုစားခြင်း" ချဉ်းကပ်နည်းအား မြှင့်တင်ပါ။ ကျား–မအခြေပြုအကြမ်းဖက်မှုမှ ပြန်လည်လွတ်မြောက်လာသူများအား ရပ်ရွာလူ့အဖွဲ့အစည်းများမှကြိုဆိုကာ ၎င်းတို့အား ဖယ်ကျဉ်၍ စိတ်ဒဏ်ရာမဖြစ်စေပဲ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းနိုင်စေရန် အားပေးပါ။
- ကျား–မတန်းတူညီမျှရေးအကြောင်း ဘာသာရေးအဖွဲ့အစည်းများအကြားစကားရည်လုပွဲများမြှင့်တင်၍ လူ့အဖွဲ့အစည်းထံ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေပါ။
- ကျား–မတန်းတူညီမျှရေးကိုမြှင့်တင်ရန်အတွက် အသိပေးတိုက်တွန်းစည်းရုံးပြောဆိုရန် ကုလသမဂ္ဂအပါအဝင် နိုင်ငံတော်အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုဆောင်ရွက်ပါ။

**ဦးတည်သူ (ပစ်မှတ်) ၂။ ဘာသာရေးအင်စတီကျူးရှင်းများ**

- အမျိုးသမီးများအား ဘာသာရေးခေါင်းဆောင်များအဖြစ် ရဟန်းခံပေးခြင်း၊ ခန့်အပ်ခြင်းများကို ထောက်ခံကူညီပါ။
- ကျား–မအခြေပြုအကြမ်းဖက်မှုများမှ လွတ်မြောက်လာသူများအား ယုံကြည်မှုအခြေပြုအကြံပေး ဆွေးနွေးရာတွင် ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်သူများ အထူးသဖြင့် အမျိုးသမီး များအား သင်တန်းပေးပါ။

**ဦးတည်သူ (ပစ်မှတ်) ၃။ နိုင်ငံတော်အင်စတီကျူးရှင်းများ**

- ကျား–မအခြေပြုအကြမ်းဖက်မှုများအား တားဆီးကာကွယ်ရန်အတွက် နိုင်ငံတကာနှင့်နိုင်ငံတော် ဥပဒေပြုမှုများအား အကောင်အထည်ဖော်ပါ။
- ကျား–မအခြေပြုအကြမ်းဖက်မှုများအတွက် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်များအား ပယ်ဖျက်ပါ။

## မြှင့်တင်ခြင်း

**၄။ အကြမ်းဖက်စေရန်လှုံ့ဆော်မှုများအား တားဆီးကာကွယ်ရန် ပညာရေးနှင့် စွမ်းရည်တည်ဆောက်မှုများ ကို မြှင့်တင်ပေးပါ။**

**ရည်ရွယ်ချက်များ** –(က) ခွဲခြားဆက်ဆံမှုမရှိခြင်း၊ တန်းတူနိုင်ငံသားဖြစ်မှုနှင့် လူ့အခွင့်အရေးများအပေါ် လေးစားသည့်ယုံကြည်မှုနှင့် အသိပညာဗဟုသုတများအား သွတ်သွင်းမွေးမြူပေးရန်၊ (ခ) ယဉ်ကျေးမှု/ဘာသာရေး သို့မဟုတ် ယုံကြည်မှုများအား တန်ဖိုးထားခြင်းနှင့် နိုင်ငံသားများယှဉ်တွဲနေထိုင်မှု၏ အရေးကြီးမှုများ အတူစီးမျောစေရန်၊ (ဂ) ခိုင်မာသော/ပညာနှင့်ယှဉ်သော ဘာသာရေးဗဟုသုတများ၊ နားလည်မှုများအား ပံ့ပိုးပေးရန်၊ (ဃ) "ကြားမှဆက်သွယ်ဆောင်ရွက်ပေးသူများ" နှင့် အမျိုးမျိုးသော ဘာသာရေးလူမှုအဖွဲ့အစည်းများအတွင်း အသိဉာဏ်ဖွင့်ပေးသူများ၏ ဘာသာရေးဗဟုသုများကို မြှင့်တင်ပေးရန်၊ (င) အကြမ်းဖက်မှုကိုကျောထောက်နောက်ခံပြုထားသော ယဉ်ကျေးမှုဆိုင်ရာ စိတ်နေ သဘောထားများအား ကိုင်တွယ်ဖြေရှင်းရန်။

**ဦးတည်သူ (ပစ်မှတ်) ၁။ ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်နေသူများ**

- ဘာသာအချင်းချင်းကြားဗဟုသုတနှင့် တွေ့ဆုံဆွေးနွေးမှုများ၊ ဆိုရှယ်မီဒီယာနှင့် လူငယ်များပူးပေါင်း ပါဝင်ဆောင်ရွက်မှုများအပါအဝင် ကိုယ်ပိုင်ကျွမ်းကျင်မှုများကို မြှင့်တင်ရန် အခွင့်အလမ်းများ ရှာဖွေပါ။

- မတူညီသောဘာသာများ၊ ယဉ်ကျေးမှုများ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ကိုးကွယ်ဆည်းကပ်သူများအား သိရှိစေခြင်းအားဖြင့် ဘာသာရေး အခြေခံအသိနှင့် ဘာသာရေးလွတ်လပ်မှုအခြေခံအသိများ ခေါင်းပေါ်ခြင်းကို ကိုင်တွယ်ဖြေရှင်းပါ။
- အပြန်အလှန်လေးစားခြင်းနှင့် နားလည်ခြင်းကို မြှင့်တင်ရာတွင် အသုံးပြုနိုင်သည့် ဘာသာရေး အဆုံးအမများ၊ လွှမ်းမိုးနိုင်သော သီအိုလော်ဂျီ (ဘာသာရေးဆိုင်ရာ) အရေးအသားများ၊ သင်ကြားနည်း နှင့်ဆိုင်သောပစ္စည်းများအား သတ်မှတ်ဖော်ထုတ် မျှဝေပေးပါ။
- အပေါင်းလက္ခဏာနှင့် အနုတ်လက္ခဏာဆောင်သောသတင်းစကားများအား သတ်မှတ်ဖော်ထုတ် တုံ့ပြန်နိုင်ရန်အလို့ငှာ ဘာသာရေးသတင်းစကားများနှင့် သင်ကြားဆုံးမမှုများကို သိရှိနားလည်စေရန် မိမိရပ်ရွာလူ့အဖွဲ့အစည်းမှလူများအား ပညာပေးပါ။

## ဦးတည်သူ (ပစ်မှတ်) ၂။ ဘာသာရေးအင်စတီကျူးရှင်းများ

- တခြားဘာသာများ၊ ယုံကြည်မှုများအား နားလည်မှုတိုးပွားလာစေရန်နှင့် ဘာသာရေးဆိုင်ရာကိုယ်ပိုင် သွင်ပြင်လက္ခဏာများသည် ခွဲခြားမှု၊ တင်းမာမှု၊ အကြမ်းဖက်မှုများ၏ ဇစ်မြစ်တခုဖြစ်မလာစေရန် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများ၊ "တခြားသူများ" နှင့်ပတ်သက်သည့်ဗဟုသုတများရလာစေရန် ထိုးထွင်းစဉ်းစားခြင်းအား မြှင့်တင်ပေးပါ။
- ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်နေသူများအတွက် ပညာရေးသင်ရိုးညွှန်းတမ်းတွင် အောက်ဖော်ပြပါအကြောင်းအရာများအား ထည့်သွင်းပါ။
    - မတူညီသောဘာသာများ၊ ယုံကြည်မှုများ၊
    - ယဉ်ကျေးမှုအချင်းချင်း၊ ဘာသာအချင်းချင်းဆက်ဆံရေး၊
    - လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်နှင့်ပတ်သက်၍ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များ၊
    - ကမ္ဘာ့နိုင်ငံသားဖြစ်မှု၊
    - ငြိမ်းချမ်းသောပဋိပက္ခဖြေရှင်းမှုနှင့် စီမံခန့်ခွဲမှု၊
    - အကြမ်းဖက်မှုများအား တိုးပွားစေခြင်း သို့မဟုတ် လျော့ချခြင်းတွင် ဘာသာရေး၏အခန်းကဏ္ဍ၊
    - အကြမ်းဖက်မှုနှင့် သွေးထိုးလှုံ့ဆော်မှုအတွက် ဖြစ်နိုင်ခြေများအား နားလည်ခြင်း၊ ၎င်းတို့၏ အကျိုးဆက်များနှင့် သက်ရောက်မှုများ၊ အကြမ်းဖက်မှုကို တားဆီးကာကွယ်ရန်နှင့်/သို့မဟုတ် တန်ပြန်တိုက်ခိုက်ရန် ဖြစ်နိုင်ချေရှိသောလုပ်ဆောင်ချက်များနှင့် မဟာဗျူဟာများအပါအဝင် ရက်စက်ယုတ်မာသောရာဇဝတ်မှုများအား တားဆီးကာကွယ်ခြင်းနှင့် သမိုင်းကြောင်းများ၊
- ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်သူများအတွက် ပုံရိပ် (သို့မဟုတ် အနိမ့်ဆုံး အရည်အချင်းသတ်မှတ်ချက်များ) ချမှတ်မှု။

- စာသင်ကျောင်းများနှင့် သင်ရိုးညွှန်းတမ်းများတွင် စုံလင်ကွဲပြားမှုနှင့်တန်းတူညီမျှမှုအား မြှင့်တင်ရန် နိုင်ငံတော်ပညာရေးဝန်ကြီးဌာနများအား လော်ဘီလုပ်ပါ။
- ပြည်ပမှဘာသာရေးသင်တန်းများရရှိထားသော ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်သူများ တသားတည်းပေါင်းစည်းစေရန်အားပေး၍ ဒေသန္တရပညာရေးပရိုဂရမ်များ၊ သင်ခန်းစာများ၊ သင်ရိုးညွှန်းတမ်းများရေးဆွဲမှုကို ထောက်ပံ့ကူညီပါ။
- ဘာသာရေးခေါင်းဆောင်များအား ဒေသန္တရအဆင့်တွင် သင်တန်းပေးရန်အတွက် ပညာသင်ထူးချွန်ဆုများထောက်ပံ့ရန် ဘာသာရေးအင်စတီကျူးရှင်းများအား အားပေးပါ။
- ကျောင်းသားများအတွက် တခြားယုံကြည်မှု (ဘာသာ) များမှ ဘာသာရေးခေါင်းဆောင်များ၊ လက်တွေ့လုပ်ဆောင်နေသူများအား ဖိတ်ကြား၍ ဟောပြောပွဲများကျင်းပအားပေးပါ။

**ဦးတည်သူ (ပစ်မှတ်) ၃။ နိုင်ငံတော်နှင့် နိုင်ငံတော်အင်စတီကျူးရှင်းများ**

- ပညာရေးတွင် လူ့အခွင့်အရေးအခြေပြုချဉ်းကပ်နည်းလမ်းအား မြှင့်တင်ပါ။
- လူငယ်ပညာရေးတွင် ထိုးထွင်းစဉ်းစားခြင်းကို ထည့်သွင်းပါ။
- အစိုးရကျောင်းများအတွက် မတူညီသောဓလေ့ထုံးတမ်းများ၏ အလွှာစုံပါဝင်သည့်၊ စုံလင်ကွဲပြားမှုအပေါ် လေးစားမှုကိုမြှင့်တင်သည့်၊ မတူညီသောယုံကြည်မှုမှလူများသင်ကြားပေးသည့် ဘာသာရပ်တခုအဖြစ် ဘာသာရေးနှင့်ယုံကြည်မှုများအကြောင်း သင်ကြားမှုပါဝင်သည့် သင်ရိုးညွှန်းတမ်းများ ရေးဆွဲပါ။
- ကလေးဘဝအစောပိုင်းမှ တက္ကသိုလ်အဆင့်ပညာရေးအထိ လောကနီတိနှင့် ငြိမ်းချမ်းရေး၊ ရက်စက်ယုတ်မာသောရာဇဝတ်မှုများသမိုင်းကြောင်းနှင့် ၎င်းတို့အားအနာဂတ်ကာလတွင် ထပ်မံမပေါ်ပေါက်စေရန်အတွက် မည်သို့တားဆီးကာကွယ်ရမည်ဆိုသည်များအား ကျောင်းသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းရေးဆွဲပါ။
- စာသင်ကျောင်းများတွင် သင်ကြားမှုပစ္စည်းများထဲမှ အနုတ်သဘောဆောင်သည့် တရားသေဆုပ်ကိုင်သည့်အမြင်များအား ဖယ်ရှားပါ။
- အရပ်သားနှင့် ယူနီဖောင်းဝတ်အစိုးရဝန်ထမ်းများသည် ဘာသာရေးနှင့် လူ့အခွင့်အရေးစံနှုန်းများအကြောင်း အခြေခံဗဟုသုတရှိစေရပါမည်။ ၎င်းတို့အား မျက်စိမှိတ်ဘက်လိုက်ခြင်း၊ ခွဲခြားဆက်ဆံခြင်းများအကြောင်း သင်တန်းပေးရမည်ဖြစ်ကာ ကိုယ်ချင်းစာတရားများဖြင့် ဘာသာရေး သို့မဟုတ် ယုံကြည်မှုလူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်လုပ်ဆောင်စေပါ။
- အကယ်၍ နိုင်ငံတော်သည် ဘာသာရေးကျောင်းများအား အများပြည်သူရံပုံငွေထောက်ပံ့ပါက ၎င်းရံပုံငွေများအား ခွဲခြားဆက်ဆံမှုမရှိစေပဲ ရရှိအောင် ဆောင်ရွက်ရပါမည်။
- မတူညီသော ဘာသာရေး၊ ယုံကြည်မှု၊ ယဉ်ကျေးမှုများမှ ကလေးသူငယ်နှင့်လူငယ်များတွေ့ဆုံ၍ အပြန်အလှန်ဆက်ဆံနိုင်စေရန် နေရာများဖန်တီးပေးပါ။

**ဦးတည်သူ (ပစ်မှတ်) ၄။ အရပ်ဖက်လူမှုအဖွဲ့အစည်း**

- ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်သူများ၊ လူငယ်များအတွက် လုပ်ဆောင်မှုများ ထပ်မနေစေရန် တည်ရှိနေသောပညာရေးအရင်းအမြစ်များအား မြေပုံဆွဲပါ။ ၎င်းမြေပုံအား တခြားပတ်သက်ဆက်နွယ်သူများမှလည်း အကောင်အထည်ဖော်နိုင်ပါစေ။

## ၅။ အကြမ်းဖက်စေရန်လှုံ့ဆော်မှုများအား တားဆီးကာကွယ်ရန်အတွက် ဘာသာဝင်အချင်းချင်းကြား၊ ဘာသာအချင်းချင်းကြား တွေ့ဆုံဆွေးနွေးမှုများအား မြှင့်တင်ပါ။

**ရည်ရွယ်ချက်များ** – (က) တွေ့ဆုံဆွေးနွေးရေးယဉ်ကျေးမှုတခု ဖြစ်ပေါ်စေရန်၊ (ခ) ဘာသာဝင်အချင်းချင်းကြား၊ ဘာသာအချင်းချင်းကြား တွေ့ဆုံဆွေးနွေးမှု၊ အပြန်အလှန်နားလည်မှု၊ လေးစားမှုများအား မြှင့်တင်ရန်၊ (ဂ) ဘာသာဝင်အချင်းချင်းကြား၊ ဘာသာအချင်းချင်းကြား မီဒီယာသဘောတရားများ နားလည်မှုအား ဖွံ့ဖြိုးလာစေရန်၊ (ဃ) အကြမ်းဖက်စေရန်လှုံ့ဆော်မှုအား တားဆီးကာကွယ်ရာတွင် ဘာသာအချင်းချင်းကြားချဉ်းကပ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန်။

**ဦးတည်သူ (ပစ်မှတ်) ၁။ ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်နေသူများ**

- မတူညီသောယုံကြည်မှုများအကြား နှီးနှောဖလှယ်သည့်အစီအစဉ်များ အထူးသဖြင့်ဘာသာရေးပွဲများတွင် ပါဝင်ခြင်းအားဖြင့် မတူညီသည့် ဘာသာများ၊ ယုံကြည်မှုများအကြောင်း လေ့လာပါ။
- မိမိဘာသာဝင်အချင်းချင်းနှင့်သော်လည်းကောင်း၊ တခြားဘာသာဝင်များနှင့်သော်လည်းကောင်း၊ ဘာသာမဲ့များနှင့်သော်လည်းကောင်း၊ လူသားဝါဒီများနှင့်သော်လည်းကောင်း မဟာမိတ်ပြုလုပ်ဆောင်ခြင်းများ တည်ဆောက်ပါ။
- ရပ်ရွာအတွင်းပေါင်းစည်းညီညွတ်မှုကိုမြှင့်တင်ရန်၊ ဘာသာအချင်းချင်းကြားပူးပေါင်းဆောင်ရွက်မှုနှင့် စည်းလုံးညီညွတ်မှု၏ စွမ်းအားပြင်းသောသတင်းစကားများသယ်ဆောင်လာရန်အတွက် ရပ်ရွာနှင့်သက်ဆိုင်သော လူမှုရေးဆိုင်ရာကိစ္စရပ်များတွင် အထူးသဖြင့် ပူးပေါင်းလုပ်ဆောင်မှုများမှတဆင့် ဘာသာအချင်းချင်းကြား၊ ယုံကြည်ချက်အချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှုများအား မြှင့်တင်ပါ။
- ဝတ်ပြုရန် ပွင့်လင်းသောနေရာများတည်ဆောက်ပါ။ မိမိကိုယ်ပိုင်ဝတ်ပြုရာနေရာတွင် မိမိဘာသာဝင်များအတွက် တခြားဘာသာမှ ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်သူများကို ဖိတ်ကြားပါ။
- ဘာသာအချင်းချင်းကြား (ဘာဝနာစီဖြန်းခြင်း)၊ ပွဲလမ်းသဘင်များကျင်းပခြင်းကို မြှင့်တင်ပါ။
- ဘာသာအချင်းချင်းကြား သဟဇာတဖြစ်မှုနေ့များ/ရက်သတ္တပတ်များအား စီစဉ်ကျင်းပပါ။
- လူ့အခွင့်အရေးဥပဒေသများအပေါ်အခြေခံ၍ တရားဟောရာတွင် အကြမ်းဖက်စေရန်လှုံ့ဆော်မှုကို တားဆီးကာကွယ်သည့်အနေဖြင့် ဘာသာအချင်းချင်းကြား စောင့်ထိန်းရမည့်ကျင့်ဝတ်စည်းမျဉ်းများ ရေးဆွဲခြင်းကို အားပေးပါ။
- တခြားဘာသာဝင်များမှ မျှဝေထားသည့် မူကွဲ၊ အပြုသဘောဆောင်သည့်ဇာတ်လမ်းများအား ဖန်တီးပါ။

- ဘာသာအချင်းချင်းပူးပေါင်း၍ သတင်းထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်ပါ။
- ဘာသာအချင်းချင်းကြား ပူးတွဲလုပ်ဆောင်ချက်များ၊ ပူးပေါင်း/တစည်းတလုံးတည်းလုပ်ဆောင်ချက်များအား အများပြည်သူထံများများရောက်ရှိစေရန် ထုတ်ပြန်ပါ။
- အသံအားလုံးကို ကြားစေရန်အတွက် ဘာသာဝင်အချင်းချင်းကြားတွေ့ဆုံဆွေးနွေးမှုကို မြှင့်တင်ရန် ပလက်ဖောင်းတခုအနေဖြင့် အသုံးပြုပါ။
- မိမိဘာသာဝင်ထဲတွင် အစွန်းရောက်အမြင်ဆွဲကိုင်ထားသူများအပါအဝင် ဘာသာရေးအုပ်စုများနှင့် တွေ့ဆုံဆွေးနွေးမှုများ မကြာခဏပြုလုပ်ခြင်းတွင် ပါဝင်ပါ။
- ဘာသာအချင်းချင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် လူငယ်ဘာသာရေးခေါင်းဆောင်များ၊ အဓိက လုပ်ဆောင်သူများအား အားပေးပါ။
- ဘာသာအချင်းချင်းကြား သတ္တိရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ လူမှုဆိုင်ရာပြောင်းလဲမှုများနှင့်ပတ်သက်၍ အပေါင်းလက္ခဏာဆောင်သည့် ဇာတ်လမ်းများအား စုဆောင်းမျှဝေပါ။
- လူမှုဆိုင်ရာတပေါင်းတစည်းတည်းဖြစ်မှုအားတည်ဆောက်ခြင်း၊ အကြမ်းဖက်ရန်လှုံ့ဆော်မှုကို တားဆီး ကာကွယ်ခြင်းအတွက် အတွေ့အကြုံများ၊ ကောင်းမွန်သောအလေ့အထများအား နှီးနှောဖလှယ်ရန် ဘာသာဝင်အချင်းချင်းကြား၊ ဘာသာအချင်းချင်းကြားတွေ့ဆုံဆွေးနွေးမှုများပြုလုပ်ပါ။
- စာသင်ကျောင်းများတွင် ဘာသာအချင်းချင်းကြားသင်ရိုးညွှန်းတမ်းများရေးဆွဲရန် တိုက်တွန်းပါ။
- ဘာသာအချင်းချင်းကြားဟောပြောပွဲများ ပြုလုပ်ရန် တိုက်တွန်းပါ။

## ဦးတည်သူ (ပစ်မှတ်) ၂။ ဘာသာရေးအင်စတီကျူးရှင်းများ

- ဘဏ္ဍာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များအား ပိုမိုထောက်ပံ့ပေးခြင်းအားဖြင့် ဘာသာအချင်းချင်း ကြားနားလည်မှုတိုးတက်လာစေမည့် ဘာသာရေးအကယ်ဒမီများအား မြှင့်တင်ပါ။
- ဘာသာအချင်းချင်းကြား မိတ်ဖက်ပြုဆောင်ရွက်မှုကိုမြှင့်တင်ပေးမည့်၊ အွန်လိုင်းအပါအဝင် ဆက်စပ် ကိရိယာများ၊ အရင်းအမြစ်များအလွယ်တကူရရှိစေရန် ပြုလုပ်ဖြန့်ဝေမည့် ဘာသာရေးခေါင်းဆောင်များ အတွက် သင်တန်းများပြုလုပ်ပါ။
- ဘာသာအချင်းချင်းကြားတွေ့ဆုံဆွေးနွေးမှုနှင့် မိတ်ဖက်ပြုမှုကိုအထူးပြုထားသော သင်တန်းဆရာများ၏ သင်တန်းဆရာများအပါအဝင် အရင်းအမြစ်ကြွယ်ဝသောလူပုဂ္ဂိုလ်များ (resource persons) များအား သင်တန်းပေး၍ ဘာသာအချင်းချင်းကြား အရင်းအမြစ်ကြွယ်ဝသူများကွန်ယက် တည်ဆောက်ပါ။

**ဦးတည်သူ (ပစ်မှတ်) ၃။ နိုင်ငံတော်နှင့် နိုင်ငံတော် အင်စတီကျူးရှင်းများ**

- ဘာသာအချင်းချင်းကြား တွေ့ဆုံဆွေးနွေးရေးလုပ်ရှားမှုများ အထူးသဖြင့် အကြမ်းဖက်စေရန် လှုံ့ဆော်မှုကို စောင့်ကြပ်ကြည့်ရှုခြင်း၊ တားဆီးကာကွယ်ခြင်း၊ တန်ပြန်တိုက်ခိုက်ခြင်းများအတွက် ရည်ရွယ်၍ ဦးဆောင်လှုပ်ရှားမှုများအား တိုက်တွန်းပံ့ပိုးပါ။

## ၆။ အကြမ်းဖက်စေရန်လှုံ့ဆော်မှုကို တားဆီးကာကွယ် တန်ပြန်တိုက်ခိုက်ရန် ရိုးရာအစဉ်အလာမီဒီယာများ၊ မီဒီယာအသစ်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း

**ရည်ရွယ်ချက်များ –** (က) မုန်းတီးမှုကွဲတန်ပြန်ဟောပြောမှုများ၏ အပေါင်းလက္ခဏာဆောင်သောသက်ရောက်မှုများကို ချဲ့ထွင်ရန်၊ (ခ) စာနယ်ဇင်း (ဂျာနယ်လစ်ဇင်) ကျင့်ဝတ်စံနှုန်းများကို တိုးတက်မြှင့်တင်ရန်။

**ဦးတည်သူ (ပစ်မှတ်) ၁။ ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်နေသူများ**

- ရိုးရာအစဉ်အလာမီဒီယာများနှင့် မီဒီယာအသစ်များ၏ လက်ငင်းရလဒ် (outputs) များကို စောင့်ကြပ်ကြည့်ရှု၍ ၎င်းတို့အား စာနယ်ဇင်းကျင့်ဝတ်စံနှုန်းများကို လေးစားလိုက်နာရန် တိုက်တွန်းပါ။
- အကြမ်းဖက်အစွန်းရောက်ဇာတ်ကြောင်းများအား တုံ့ပြန်တိုက်ခိုက်သူ ဘာသာရေးနှင့် လောကီရေးရာ အဓိကလုပ်ဆောင်သူများ၏ အပေါင်းလက္ခဏာဆောင်သောဇာတ်လမ်းများ၊ လေးစားမှု၊ ငြိမ်းချမ်းစွာ ပူးတွဲနေထိုင်မှုကိုမြှင့်တင်ရန် ရည်ရွယ်သည့်သတင်းများ၊ သတင်းအချက်အလက်များအား အများပြည်သူသို့ထုတ်ပြန်ရန် သတင်းမီဒီယာများအား အားပေးပါ။
- မျက်စိမှိတ်ဘက်လိုက်သည့်အရာများ၊ ကောလဟာလအမှားများအား တုံ့ပြန်ရန် ရိုးရာအစဉ်အလာမီဒီယာများ၊ မီဒီယာအသစ်များနှင့် ပူးပေါင်းဆောင်ရွက်ပါ။
- သတင်းမီဒီယာများအချင်းချင်းမျှဝေနိုင်သည့် မီဒီယာတွင်ပါဝင်သည့်အရာများကို ဖန်တီးပြုလုပ်ပါ။
- တန်ပြန်ဟောပြောမှုနှင့် မုန်းကွဲဇာတ်လမ်းကမ်ပိန်များအား ထောက်ပံ့ကူညီရန် အသိပေးတိုက်တွန်းစည်းရုံးပြောဆိုရာတွင် တက်ကြွသောမိတ်ဖက်များအနေဖြင့် Facebook နှင့် Tweeter အပါအဝင် နာမည်ကျော်လူကြိုက်များသောဆိုရှယ်မီဒီယာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါ။
- အမုန်းတရားများပျံ့နှံ့ရန်၊ အကြမ်းဖက်မှုကို လှုံ့ဆော်ရန်ရည်ရွယ်သည့် အကြောင်းအရာများနှင့် ပတ်သက်၍ အပြုသဘောဆောင်သောကြော်ငြာများအားဖန်တီးရန် ဆိုရှယ်မီဒီယာများနှင့် ဆွေးနွေးပါ။
- မျက်မှောက်ခေတ်နှင့်လျော်ညီသော ပြဿနာရပ်များအတွက် ဘာသာရေးဆိုင်ရာ၊ စိတ်ပိညာဉ်ဆိုင်ရာ အကြံပြုချက်များကို ဖော်ပြသည့် ဝဘ်ဆိုဒ်များကို ဖန်တီးပါ သို့မဟုတ် မြှင့်တင်ပါ။
- လူအများကိုစုရုံးရန်၊ လုပ်ဆောင်ချက်များကို ညှိနှိုင်းသည့် ကွန်ယက်ကို ဖန်တီးရန်အတွက် သီးခြားအကြပ်အတည်း သို့မဟုတ် ပြဿနာရပ်များအကြောင်း Facebook pages များ ဖန်တီးပါ။
- တွစ်တာပို့စ်များ၊ ဗီဒီများအား အပတ်စဉ်အတိုချုပ်ဖြန့်ဝေပါ။

➢ အလွှာစုံပါဝင်မှုနှင့် လူမှုဆိုင်ရာတပေါင်းတစည်းတည်းဖြစ်မှုအား မြှင့်တင်သည့်သတင်းစကားများ ထုတ်လွှင့်နေသော ဘာသာအချင်းချင်းကြားဆောင်ရွက်ပေးသည့် ရေဒီယိုဌာနများနှင့် ပူးပေါင်း ဆောင်ရွက်မှုအား မြှင့်တင်ပါ။

**ဦးတည်သူ (ပစ်မှတ်) ၂။ ရိုးရာအစဉ်အလာမီဒီယာများနှင့် မီဒီယာအသစ်များ**

➢ လွတ်လပ်စွာထင်မြင်ယူခွင့် ပြောဆိုခွင့်များကို မထိပါးစေပဲ၊ အပြည်ပြည်ဆိုင်ရာနိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် ၁၉ နှင့် ၂၀ များအား အပြည့်အဝလေးစားလျက် အကြမ်းဖက်ရန်သွေးထိုးလှုံ့ဆော်မှုကို တားဆီးကာကွယ်၊ တန်ပြန်တိုက်ခိုက်ရန် စာနယ်ဇင်းကျင့်ဝတ် စံနှုန်းများအား လေးစားလိုက်နာပါ။

➢ စာနယ်ဇင်းသမားများ၏ လူမှုရေးဆိုင်ရာတာဝန်ယူမှုကို ခံဝန်ကတိပြုခိုင်းကာ စာနယ်ဇင်းကျင့်ဝတ်စံနှုန်း များနှင့်ပတ်သက်၍ သင်တန်းအခွင့်အလမ်းများအား ပေးအပ်ပါ။

➢ ရက်စက်ယုတ်မာသောရာဇဝတ်မှုများပေါ်ပေါက်စေနိုင်သည့် သွေးထိုးလှုံ့ဆော်မှုများကို မည်သို့ကိုင်တွယ် ဖြေရှင်းရမည်ဆိုသည်ကို ဘာသာရေးစာနယ်ဇင်းသမားများ/ဘာသာရေးမီဒီယာများအတွက် ကျင့်ဝတ် သိက္ခာစည်းမျဉ်းများအား ရေးဆွဲပါ။

➢ ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ကိုင်နေသူများအတွက် ဆိုရှယ်မီဒီယာအား မည်သို့ အသုံးပြုရမည်၊ ဆိုရှယ်မီဒီယာပတ်ဝန်းကျင်တွင် မည်သို့ကျင်လည်ရမည်ဆိုသည့် သင်တန်း အခွင့်အလမ်းများပေးပါ။

**ဦးတည်သူ (ပစ်မှတ်) ၃။ နိုင်ငံတော်နှင့် နိုင်ငံတော်အင်စတီကျူးရှင်းများ**

➢ နိုင်ငံသား၊ လူမျိုး၊ ဘာသာနှင့် တိုင်းရင်းသားလူနည်းစုများ၏ ၎င်းတို့ကိုယ်ပိုင်အကြောင်းအရာများ ထုတ်လုပ်ဖြန့်ဖြူးရန်အတွက်လည်းကောင်း၊ တခြားသူများမှထုတ်လုပ်ထားသောအကြောင်းအရာများကို လက်ခံရယူရန်အတွက်လည်းကောင်း သတင်းမီဒီယာ၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေး နည်းပညာများကို လွတ်လပ်စွာရယူသုံးစွဲခွင့်အခွင့်အရေးများအပါအဝင် မီဒီယာဗဟုဝိဓါဒကို မြှင့်တင်ပါ။

➢ အပြည်ပြည်ဆိုင်ရာနိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် ၁၉ နှင့် ၂၀ ကိုအပြည့်အဝလေးစားလျက် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုကို လှုံ့ဆော်ပေးသည့် နိုင်ငံသား၊ လူမျိုးရေး၊ ဘာသာရေးအမုန်းတရားများအတွက် စည်းရုံးပြောဆိုနေသော အွန်လိုင်းမီဒီယာ၊ အွန်လိုင်းမဟုတ်သည့်မီဒီယာများအား ဘဏ္ဍာငွေထောက်ပံ့ပေးခြင်းမှ ရပ်တန့်ရှောင်ကြဉ်ပါ။

➢ အကြမ်းဖက်မှုကို ဖြစ်ပေါ်စေနိုင်သည့် လှုံ့ဆော်မှုစကားများအား သတ်မှတ်ဖော်ထုတ်ရန် (အခင်းအကျင်း၊ ဟောပြောသူ၊ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ ပုံသဏ္ဍာန်၊ ဟောပြောမှုအနည်းအများ၊ ဖြစ်နိုင်ချေ၊ တစုံတရာဖြစ်ပေါ်ရန်နီးကပ်ခြင်းအပါအဝင်တို့အား ထည့်သွင်းစဥ်းစားလျက်) အစိတ်အပိုင်း ၆ ခုပါ စံသတ်မှတ်ချက်အဆင့်စစ်ဆေးချက်[9] ကို အသုံးပြုပါ။

## ဦးတည်သူ (ပစ်မှတ်) ၄။ အရပ်ဖက်လူမှုအဖွဲ့အစည်း

➢ မူကွဲဇာတ်လမ်းများဖြင့် အကြမ်းဖက်စေရန်လှုံ့ဆော်မှုကို တားဆီးကာကွယ်၊ တန်ပြန်တိုက်ခိုက်ရန် ရည်ရွယ်ချက်ဖြင့် ဘာသာရေးအုပ်စုများ၏ သာမန်ခေါင်းဆောင်များအတွက် မဟာဗျူဟာမြောက် ဆက်သွယ်ရေးအကြောင်း သင်တန်းအခွင့်အလမ်းများပေးအပ်ပါ။

➢ အကြမ်းဖက်ရန်လှုံ့ဆော်မှုကိုတိုက်ဖျက်ရာတွင် ကူညီနိုင်သည့် အလယ်အလတ်ဘာသာရေးခေါင်းဆောင်များ ("ဆိုက်ဘာတပ်ဖွဲ့") အတွက် အွန်လိုင်းပလက်ဖောင်းတခုတည်ဆောက်ရန် ကူညီပါ။

## ၇။ ယခုလုပ်ဆောင်ရန်အစီအစဥ်အား အကောင်အထည်ဖော်ရန် ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်များဖြင့် ချိတ်ဆက်ပါဝင်မှုကို မြှင့်တင်ခြင်း

**ရည်ရွယ်ချက်များ** – (က) ရက်စက်ယုတ်မာသောရာဇဝတ်မှုများကိုဖြစ်ပေါ်စေနိုင်သော အကြမ်းဖက်စေရန် လှုံ့ဆော်မှုများကို တားဆီးကာကွယ်ခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနှင့် မိတ်ဖက်ပြု လုပ်ဆောင်ရန်၊ (ခ) နိုင်ငံများ၊ ဘာသာရေးခေါင်းဆောင်များ၊ အင်စတီကျူးရှင်းများ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ၊ အစိုးရအချင်းချင်းကြားဖွဲ့စည်းထားသည့်အဖွဲ့အစည်းများအပါအဝင် အကြမ်းဖက်စေရန် လှုံ့ဆော်မှုကို တားဆီးကာကွယ်ရာတွင်ပါဝင်သည့် ပတ်သက်ဆက်နွယ်သူများအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းကို မြှင့်တင်ရန်၊ (ဂ) ရက်စက်ယုတ်မာသောရာဇဝတ်မှုများကိုဖြစ်ပေါ်စေနိုင်သော အကြမ်းဖက်စေရန်လှုံ့ဆော်မှုများကို တားဆီးကာကွယ်ခြင်းနှင့်ပတ်သက်၍ ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်သူများအား ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ချိတ်ဆက်ပေးရန်။

## ဦးတည်သူ (ပစ်မှတ်) ၁။ ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်နေသူများ

➢ ကုလသမဂ္ဂ၏ "နိုင်ငံမဲ့မှုဆယ်စုနှစ်" အပါအဝင် ငြိမ်းချမ်းမျှတ၍ အလွှာစုံပါဝင်သော လူ့အဖွဲ့ အစည်းများမြှင့်တင်ရန်ရည်ရွယ်သော နိုင်ငံတကာလှုပ်ရှားမှုများအား ထောက်ခံပါ။

[9] See footnote 7

**ဦးတည်သူ (ပစ်မှတ်) ၂။ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ**

<u>အထွေထွေ</u>

- ဘဏ္ဍာရေးနှင့် လူစွမ်းအားအရင်းအမြစ်များအား ထောက်ပံ့ပေးခြင်းအားဖြင့် ဘာသာအချင်းချင်းကြား နားလည်မှုတိုးတက်လာစေမည့် ဘာသာရေးအကယ်ဒမီများအား ပံ့ပိုးပေးပါ။
- လုပ်ဆောင်နေဆဲဖြစ်သည့် ဘာသာပေါင်းစုံပရိုဂရမ်များအား ပိုမိုခိုင်မာတောင့်တင်းအားကောင်းလာစေရန် ကူညီပါ။
- သင်ရိုးညွှန်းတမ်းပြင်ပလုပ်ဆောင်မှုများမှတဆင့် လောကနီတိနှင့် ထိုးထွင်းစဉ်းစားခြင်းပညာရေးများကို ရပ်ရွာအဆင့်တွင် မိတ်ဆက်လုပ်ဆောင်ပေးနေသည့် အစိုးရမဟုတ်သည့်အဖွဲ့အစည်း (NGOs) များအား ထောက်ပံ့ပါ။

<u>ကုလသမဂ္ဂ</u>

- နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများချိုးဖောက်မှုအတွက် အဖွဲ့ဝင်နိုင်ငံအားလုံးအား တန်းတူညီမျှ တာဝန်ခံခိုင်းပါ။
- ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု၊ အကြမ်းဖက်မှု၊ အကြမ်းဖက်အစွန်းရောက်ဝါဒများဖြစ်ပေါ်ရန် လှုံ့ဆော်မှုများကို တားဆီးကာကွယ်ရန် ဘာသာရေးခေါင်းဆောင်များ၊ ဘာသာအချင်းချင်းကြား၊ ဘာသာဝင်အချင်းချင်းကြားအုပ်စုများ၏ အလုပ်များကို ပံ့ပိုးရာတွင် ပိုမိုထင်ရှားသောအခန်းကဏ္ဍကို ယူဆောင်ပါ။
- ကမ္ဘာ့ဒေသအသီးသီးမှ ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်သူများ၊ မူဝါဒချမှတ်သူများ၊ ပညာပေးသူများ၊ သတင်းမီဒီယာမှပုဂ္ဂိုလ်များမှ တူညီသောကိုယ်စားပြုမှုဖြင့် တက်ရောက်သည့် ဘာသာရေးနှင့်ယုံကြည်မှုကမ္ဘာ့ဖိုရမ်တရပ်ကို ကျင်းပရမည်။ ၎င်းဖိုရမ်တွင် ငြိမ်းချမ်းမျှတ၊ အလွှာစုံပါဝင်သည့် လူ့အဖွဲ့အစည်းများမြှင့်တင်ရာတွင် ဘာသာရေး၏အခန်းကဏ္ဍအား သေချာထည့်သွင်းစဉ်းစားရပါမည်။ ဖိုရမ်သည် ဒေသတွင်းအချက်အချာဖြစ်ရပါမည်။
- ဘာသာရေးဗဟုဝါဒ၊ ဘာသာရေးဆိုင်ရာ သည်းခံနိုင်မှု၊ လက်ခံနိုင်မှု၊ အပြန်အလှန်လေးစားမှု နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များမြှင့်တင်ရန် ဖိုရမ်များအဖြစ် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံပူးပေါင်းဆောင်ရွက်မှုနှင့် လူ့ယဉ်ကျေးမှုအတွက် မဟာမိတ်သုံးပွင့်ဆိုင်ဖိုရမ်ကို မြှင့်တင်ပေးရပါမည်။

### တည်ဆောက်ခြင်း

## ၈။ လူ့အခွင့်အရေးများအား လေးစားခြင်း၊ တားဆီးကာကွယ်ခြင်း၊ မြှင့်တင်ခြင်းများမှတဆင့် ငြိမ်းချမ်းမှုတ အလွှာစုံပါဝင်သော လူ့အဖွဲ့အစည်းများ တည်ဆောက်ခြင်း

**ရည်ရွယ်ချက်များ** – (က) လူ့အခွင့်အရေးဥပဒေသများသည် ဘာသာရေးဆိုင်ရာကျမ်းစာများ၊ အဆုံးအမများအားလုံးတွင် စိမ့်ဝင်နေစေခြင်းအား အသိအမှတ်ပြုရန်၊ (ခ) လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ ဘာသာရေး သို့မဟုတ် ယုံကြည်မှုအပေါ်အခြေခံ၍ ခွဲခြားဆက်ဆံမှုများအား တားဆီးကာကွယ်ခြင်း၊ တဦးတယောက်၏ဘာသာရေး သို့မဟုတ် ယုံကြည်မှုကို ရှင်းရှင်းလင်းလင်းပြသနိုင်သည့် လွတ်လပ်ခွင့်ကို မြှင့်တင်ခြင်းများမှတဆင့် အကြမ်းဖက်မှုများ၊ စစ်ပွဲများဖြစ်ပွားစေရန် ဘာသာရေးကို အလွဲသုံးစားလုပ်မှုအား ရပ်တန့်စေရန်၊ (ဂ) ဘာသာရေးအရလှုံ့ဆော်နိုင်သော အကြမ်းဖက်မှုများရှိသည်ဟု သတ်မှတ်ထားသည့် ဒေသများအပါအဝင် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကို မြှင့်တင်ပေးရန်။

**ဦးတည်သူ (ပစ်မှတ်) ၁။ ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်နေသူများ**

- အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း၏ ဥပဒေသများ၊ တန်ဖိုးထားမှုများနှင့်ကိုက်ညီသည့် ဘာသာရေးအစဉ်အလာ၊ သင်ကြားမှုများထဲတွင် အမြစ်တွယ်နေသည့် အကျင့်စာရိတ္တပိုင်းဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာဘုံတူညီမှုနယ်ပယ်အား ရှာဖွေပါ။
- မိမိရပ်ရွာအဖွဲ့အစည်းအတွင်းနှင့် ပြင်ပတွင် စံပြလူသားဖြစ်စေ၍ သည်းခံနိုင်သည်ထက် ပိုသည်းခံပါ။
- ကြီးမြတ်မှုနှင့် ဖယ်ထုတ်မှုအတွေးအခေါ်များအား စွန့်ပစ်၍ တခြားဘာသာရေးခေါင်းဆောင်များကိုလည်း ထိုကဲ့သို့ပြုလုပ်ရန် တိုက်တွန်းပါ။
- တကမ္ဘာလုံးနှင့်ဆိုင်သော ငြိမ်းချမ်းရေးသတင်းစကားများအားဟောကြား၍ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများနှင့်ကိုက်ညီသည့်အရာများကို လေးစားပါ။
- အပြည်ပြည်ဆိုင်ရာနိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် (၁၈) တွင် ဖော်ပြထားသကဲ့သို့ မည်သည့်ဘာသာရေး သို့မဟုတ် ယုံကြည်မှုနောက်ခံရှိသည်ဖြစ်စေ ငြိမ်းချမ်းရေး၊ လူမှုဆိုင်ရာတပေါင်းတစည်းတည်းဖြစ်မှု၊ "တခြားသူများ" အားလက်ခံမှုနှင့်ပတ်သက်၍ ယုံကြည်သူများအား ပညာပေးရာတွင်ပါဝင်ပါ။
- လူတန်းစား၊ ဇာတ်အနိမ့်အမြင့်၊ လူမျိုး၊ တိုင်းရင်းသား၊ ဘာသာရေး သို့မဟုတ် ယုံကြည်မှုအပေါ် အခြေခံသည့် ခွဲခြားမှုမျိုးများအပါအဝင် ခွဲခြားဆက်ဆံမှုပုံသဏ္ဍာန်အားလုံးအား တိုက်ခိုက်ရာတွင် ကူညီပါ။
- တစုံတဦး၏ ဘာသာရေး သို့မဟုတ် ယုံကြည်မှုများကို မျှဝေသည့်သူများအပါအဝင်– လူသားအားလုံးအား ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်းမှ လေးလေးစားစားဖြင့် ကာကွယ်စောင့်ရှောက်ပါ။
- မည်သည့်ဘာသာဝင် သို့မဟုတ် ယုံကြည်သူဖြစ်ပါစေ လူသားအားလုံးနှင့်သက်ဆိုင်သော အများပြည်သူအတွက် နေရာများအား လက်ခံပါ။

- ဘာသာရေးအုပ်စုများအား ထောက်ခံရာတွင် တစုံတယောက်ထက် အများပြည်သူ၏ ရပ်တည်ချက်ကို ယူပါ။
- ရပ်ရွာလူ့အဖွဲ့အစည်းများအကြား နံရံများကို တဖြည်းဖြည်းဖြိုဖျက်ပြီး တံတားများတည်ဆောက်ပါ။
- လူ့အခွင့်အရေးများ၊ အခြေခံလွတ်လပ်ခွင့်များနှင့်ချိတ်ဆက်ပြီး ၎င်းတို့အားမြှင့်တင်ပေးသော အထွဋ်အမြတ်ထားသည့်စာသားများအပါအဝင် ဘာသာရေးဆိုင်ရာသတင်းစကားများအား ဖြန့်ဝေပါ။
- အပေါင်းလက္ခဏာဆောင်သည့် တန်ဖိုးထားမှုများ၊ လူ့အခွင့်အရေးများခိုင်မာအားကောင်းစေရန်၊ ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုတားဆီးကာကွယ်ရန် ဘာသာရေးဆိုင်ရာကြေညာချက်များအား အသုံးပြုပါ။
- ခွဲခြားဆက်ဆံသည့်အကြောင်းအရာများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဥပဒေများ၊ ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို စောင့်ကြည့်လေ့လာ၍ ၎င်းတို့အားပယ်ဖျက်ရန် အသိပေးတိုက်တွန်း စည်းရုံးပြောဆိုပါ။
- အခြေခံလူ့အခွင့်အရေးအဖြစ် နိုင်ငံသားဖြစ်ပိုင်ခွင့်ကို ကာကွယ်ထောက်ခံခြင်းနှင့် ၎င်းအခွင့်အရေးအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါဝင်စေရန် နိုင်ငံတော်အာဏာပိုင်များအား အသိပေးတိုက်တွန်း စည်းရုံးပြောဆိုခြင်းများအကြောင်း အသိအမြင်ဖွင့်ပေးပါ။
- ဖြစ်နိုင်လျှင် ခွဲခြားဆက်ဆံမှုများ၊ အကြမ်းဖက်မှုများကို လှစ်ဟပြရန်၊ စိန်ခေါ်ရန်၊ အမြစ်ပြတ်ဖယ်ရှားရန် ငြိမ်းချမ်းသော ကန့်ကွက်ပွဲများ၊ လူစုလူဝေးဖြင့်စုဝေးမှုများ၊ ဆန္ဒပြပွဲများတွင် ပါဝင်ပါ။
- ကြားဝင်စေ့စပ်ပေးခြင်း၊ ပဋိပက္ခတားဆီးကာကွယ်ခြင်း၊ ပဋိပက္ခအသွင်ပြောင်းလဲခြင်းဖြစ်စဉ်များတွင် ပါဝင်ပါ။ ခွဲခြားဆက်ဆံမှုများ၊ အကြမ်းဖက်မှုများသည် စည်းမျဉ်းဥပဒေတရပ်၊ အစဉ်အလာတရပ် မဖြစ်ပွားမီ တင်းမာမှုများအားဖြေရှင်းရန် စောလျင်စွာဆောင်ရွက်၍ ခွဲခြားဆက်ဆံမှုများ၊ ဖယ်ကျဉ်မှုများ ဖြစ်ပေါ်စေနိုင်သည့် မည်သည့်လုပ်ဆောင်ချက်ကိုမဆို ကုစားရန် အဆင့်လိုက်လုပ်ဆောင်ပါ။
- ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအယူဝါဒများတွင် ကြားဝင်စေ့စပ်ပေးသူအဖြစ် ဆောင်ရွက်ရန်နေရာ ပေးခံထားရသော ဒေသန္တရဘာသာရေးခေါင်းဆောင်များနှင့် ရပ်ရွာလူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ထောက်ပံ့ပါ။
- ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးနှင့် ဘာသာအချင်းချင်းကြားသဟဇာတဖြစ်ရေးကို မြှင့်တင်ပေးရန် ခိုင်မာသောအမှတ်လက္ခဏာရှိသည့် လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ပါ။
- ကာလရှည်ရှိနေသော ဝမ်းနည်းပူဆွေးမှု၊ သည်းမခံနိုင်မှု၊ ကြားဝင်ခံရမှုများအား ကိုင်တွယ်ဖြေရှင်းရန် ရပ်ရွာလူ့အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ပါ။ “အမေ့ခံလူနည်းစုများ” ၏အခွင့်အရေးကို အသိအမှတ် ပြု၍ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများ/အခွင့်အရေးများအား နိုင်ငံတော်အာဏာပိုင်များထံ မြှင့်တင်ပေးပါ။
- “Walk of Hope” ကဲ့သို့သော တရားမျှတမှု၊ ငြိမ်းချမ်းရေး၊ ညီညွတ်မှု၊ အပြန်အလှန်လေးစားမှု၊ သဟဇာတဖြစ်မှုများအား မြှင့်တင်သည့် ဆန်းသစ်သောဦးဆောင်လှုပ်ရှားမှုများအား ထောက်ခံပါ။

➢ "အားလုံးနှင့် ကွတ်တိ" ဖြစ်သည့် ဖြေရှင်းနည်းမျိုးများမရှိပါ။ အခြေအနေတိုင်းသည် ကွဲပြားမှုရှိသည်ဆိုသည့်အချက်ကို မှတ်သားထား၍ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်မှု၏ ကောင်းမွန်သောအလေ့အထများနှင့် သင်ခန်းစာများအား မြှင့်တင်ဖြန့်ဝေပေးပါ။

## ဦးတည်သူ (ပစ်မှတ်) ၂။ ဘာသာရေးအင်စတီကျူးရှင်းများ

➢ ဘာသာကူးပြောင်းသည့် မူဝါဒများအား ပြန်လည်သုံးသပ်ပါ။ သာသနာပြုလုပ်ဆောင်မှုများနှင့် လူပုဂ္ဂိုလ်တယောက်၏ ဘာသာတခုမှတခုသို့ကူးပြောင်းရန်အခွင့်အရေးအား (အကယ်၍ ၎င်းမှကူးပြောင်းရန်ရွေးချယ်လိုက်ပါက) ကာကွယ်စောင့်ရှောက်ထားရမည်ဖြစ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာနိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် ၁၈(၂) တွင်ဖော်ပြထားသကဲ့သို့ ၎င်းလူပုဂ္ဂိုလ်များသည် ၎င်းတို့ရွေးချယ်ထားသည့် ဘာသာတခု သို့မဟုတ် ယုံကြည်မှုတခုသို့ကူးပြောင်းရန် ၎င်းတို့၏လွတ်လပ်ခွင့်များအား အားနည်းစေမည့် အကျပ်ကိုင်ခံရမှုမျိုး မရှိစေရပါ။

➢ လူပုဂ္ဂိုလ်တယောက်ချင်းစီ၏ ၎င်းတို့၏ဘာသာအား ကိုးကွယ်ရန်အခွင့်အရေးအား လေးစားပါ။

➢ ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်သူများ၏ ပညာရေးသင်ရိုးညွှန်းတမ်းတွင် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် လူ့အခွင့်အရေးစံနှုန်းများအား ထည့်သွင်းပြဋ္ဌာန်းပါ။

## ဦးတည်သူ (ပစ်မှတ်) ၃။ နိုင်ငံတော်နှင့် နိုင်ငံတော်အင်စတီကျူးရှင်းများ

➢ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်၊ လွတ်လပ်စွာကိုးကွယ်ခွင့်၊ ယုံကြည်ခွင့်၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့ပိုင်ခွင့်များ၊ ဘာသာရေး၊ တိုင်းရင်းသားနှင့် ဘာသာစကားလူနည်းစုများတွင် ပါဝင်နေသည့်အရာများအပါအဝင် သက်ဆိုင်သောအပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစံချိန်စံညွှန်းများအား နိုင်ငံတွင်းတွင် ပြဋ္ဌာန်းကျင့်သုံးပါ။ ၎င်းစံချိန်စံညွှန်းများနှင့် သက်ဆိုင်ဆီလျော်မှုကိုအမြင်ဖွင့်ပေးပြီး နိုင်ငံတော်အဆင့်တွင် အကောင်အထည်ဖော်မှုအား သေချာစေပါ။

➢ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်၊ လွတ်လပ်စွာကိုးကွယ်ခွင့်၊ ယုံကြည်ခွင့်၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့ပိုင်ခွင့်များအပါအဝင် လူ့အခွင့်အရေးများအား လွှန်လွှန်ကဲကဲ ကန့်သတ်ထားသော နိုင်ငံတော် ဥပဒေများ၊ မူဝါဒများအား ပယ်ဖျက်ပါ။

➢ ဘာသာရေး၊ လူမျိုးရေး သို့မဟုတ် တခြားကိုယ်ပိုင်သွင်ပြင်လက္ခဏာပုံသဏ္ဍာန်တမျိုးမျိုးအပေါ်အခြေခံ၍ ခွဲခြားဆက်ဆံခြင်း၊ အကြမ်းဖက်စေရန်လှုံ့ဆော်ခြင်းများအား တားမြစ်သည့် တည်ရှိနေသော ဥပဒေများအား လေးစားလိုက်နာစေပါ။

➢ နိုင်ငံသားဖြစ်ပိုင်ခွင့်အားလေးစား၍ နိုင်ငံသားမဲ့မှုကိုတားဆီးကာကွယ်ရန် အဆင့်လိုက်လုပ်ဆောင်ပါ။

- ပဋိပက္ခများကို တားဆီးကာကွယ်ရန်၊ စီမံခန့်ခွဲရန်၊ ကိုင်တွယ်ဖြေရှင်းရန် လက်နက်ကိရိယာတခုအဖြစ် ဘာသာရေးအရ သံတမန်ဆန်စွာပူးပေါင်းဆောင်ရွက်မှုကို အားပေးထောက်ခံပါ။
- သမိုင်းနှင့်သက်ဆိုင်သော အမှတ်တရများ၊ အမှန်တရားရှာဖွေသည့်ယန္တရားများကဲ့သို့သော ရိုးရာအစဉ်အလာတရားမျှတမှုယန္တရားများအား အတိတ်မှဖြစ်ခဲ့သည့်အကြမ်းဖက်မှုများကို စစ်ဆေးရန်နှင့် အနာဂတ်တွင်ဖြစ်လာနိုင်မည့်ပဋိပက္ခများအား တားဆီးကာကွယ်ရန် နည်းလမ်းတခုအနေဖြင့် အသုံးပြုပါ။
- အပြန်အလှန်လေးစားသည့်အထိမ်းအမှတ်နေ့ သို့မဟုတ် ရက်သတ္တပတ်အား နှစ်စဉ်နိုင်ငံတော်အဆင့် ကျင်းပရန် နိုင်ငံရေးခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်ပါ။

## ၉။ အကြမ်းဖက်စေရန်လှုံ့ဆော်မှုကို တားဆီးကာကွယ် တန်ပြန်တိုက်ခိုက်ရန် ဘာသာရေးခေါင်းဆောင်များဖြင့် ကွန်ယက်များတည်ဆောက်ပါ။

**ရည်ရွယ်ချက်များ –** (က) ဒေသအသီးသီးတွင် အကြမ်းဖက်စေရန်လှုံ့ဆော်မှုကို တားဆီးကာကွယ်နေသော ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်နေသူများနှင့် ချိတ်ဆက်ရန်၊ (ခ) တန်ပြန်သတင်းစကားများနှင့်မှုကွဲဇာတ်လမ်းများအား ကျယ်ပြန့်လာစေရန်၊ (ဂ) ကောင်းမွန်သောအလေ့အကျင့်များနှင့် သင်ခန်းစာများအား မျှဝေရန်။

### ဦးတည်သူ (ပစ်မှတ်) ၁။ ဘာသာရေးခေါင်းဆောင်များနှင့် အဓိကလုပ်ဆောင်နေသူများ

- အကြမ်းဖက်စေရန် လှုံ့ဆော်မှုကို တားဆီးကာကွယ်ရန် အဓိကရည်ရွယ်ချက်ရှိသည့် ဒေသအသီးသီးမှ ဘာသာရေးခေါင်းဆောင်များ၊ အဓိကလုပ်ဆောင်သူများအချင်းချင်း ကွန်ယက်များ/ညွန့်ပေါင်းများ တည်ထောင်ပါ။ ၎င်းကွန်ယက်များ/ညွန့်ပေါင်းများသည် အိမ်ထောင်ပြုစေခြင်း (ငယ်ငယ်ရွယ်ရွယ်ဖြင့် အိမ်ထောင်ပြုရခြင်း) သို့မဟုတ် အတင်းအကြပ်လက်ထပ်ရခြင်း၊ လိင်ကျေးကျွန်အပြုခံရခြင်းများကဲ့သို့သော ဘာသာရေးကိုအမည်ခံ၍ ချိုးဖောက်သည့် တခြားလူ့အခွင့်အရေးများအား ကိုင်တွယ်ဖြေရှင်းရန် ဖိုရမ်အနေဖြင့် ထမ်းဆောင်နိုင်ပါသည်။ ကွန်ယက်/ညွန့်ပေါင်းအဖွဲ့ဝင်များသည် သွေးထိုးလှုံ့ဆော်မှုပုံစံများအား တားဆီးကာကွယ်ရန်၊ တန်ပြန်တိုက်ခိုက်ရန်၊ ပြန်လည်တုံ့ပြန်ရန် လုပ်ဆောင်သော လုပ်ဆောင်ချက်များအား အချင်းချင်းသတင်းပေးပို့ရန်၊ ပူးတွဲကြေညာချက်များ/တုံ့ပြန်မှုများ ထုတ်ပြန်ဆောင်ရွက်ရန်၊ ဆိုရှယ်မီဒီယာမှတဆင့်အပါအဝင် ညှိနှိုင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန်တို့ကို ဆောင်ရွက်နိုင်ပါသည်။

## နောက်ဆက်တွဲများ

### ရက်စက်ယုတ်မာသော ရာဇဝတ်မှုများ အဓိပ္ပာယ်ဖွင့်ဆိုချက်

“ရက်စက်ယုတ်မာသောရာဇဝတ်မှုများ” ဆိုသည့်စကားလုံးသည် ဥပဒေအရသတ်မှတ်ထားသော နိုင်ငံတကာ ရာဇဝတ်မှု (၃) ခုကို ရည်ညွှန်းပါသည် – လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်များအပေါ်ကျူးလွန်သော ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုတို့ ဖြစ်ပါသည်။ ၎င်းရာဇဝတ်မှုများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အား ၁၉၄၈ လူမျိုးတုန်းသတ်ဖြတ်မှုရာဇဝတ်မှုများအတွက် တားဆီးကာကွယ်ရေးနှင့် အပြစ်ပေးအရေးယူခြင်းဆိုင်ရာ သဘောတူစာချုပ်ထဲတွင်လည်းကောင်း၊ ၁၉၄၉ ဂျီနီဗာကွန်းဗန်းရှင်းနှင့် ၁၉၇၇ နောက်ဆက်တွဲစာချုပ်ထဲတွင် လည်းကောင်း၊ ၁၉၉၈ နိုင်ငံတကာရာဇဝတ်မှုခုံရုံး၏ ရောမဥပဒေထဲတွင်လည်းကောင်း တွေ့ရှိနိုင်ပါသည်။ ၂၀၀၅ ခုနှစ် ကမ္ဘာ့ထိပ်သီးညီလာခံရလဒ်စာတမ်း (အပိုဒ် ၁၃၈ နှင့် ၁၃၉) တွင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသည် “ကာကွယ်စောင့်ရှောက်ရန်တာဝန်” အဖြစ်ရည်ညွှန်းသည့် ဥပဒေသတခုဖြစ်သော ပြည်သူလူထုအား လူမျိုးတုန်းသတ်ဖြတ်ခံရမှု၊ စစ်ရာဇဝတ်မှု၊ လူမျိုးစုလိုက်ရှင်းလင်းခံရမှု၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇတတ်မှုများမှ ကာကွယ်စောင့်ရှောက်ရန် ကတိကဝတ်ပြုထားကြပါ သည်။ ထိုကဲ့သို့သောအနေအထားတွင် “ရက်စက်ယုတ်မာသော ရာဇဝတ်မှုများ” ဆိုသည့်စကားလုံးအား နိုင်ငံတကာဥပဒေအောက်တွင် သီးခြားရာဇဝတ်မှုအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသည့် လူမျိုးစုလိုက် ရှင်းလင်းမှုဆိုသည့်စကားလုံးအထိ ထည့်သွင်းရန် ချဲ့ထွင်ခဲ့ပါသည်။ ၎င်းလူမျိုးစုလိုက်ရှင်းလင်းမှုတွင် ရက်စက်ယုတ်မာသောရာဇဝတ်မှုများဟုသတ်မှတ်ထားသော ရာဇဝတ်မှုများ အထူးသဖြင့် လူသားမျိုးနွယ်စု အပေါ်ကျူးလွန်သောရာဇဝတ်မှုများထဲသို့ ထပ်မံထည့်သွင်းနိုင်သည့် နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေများအား ဆိုးဆိုးရွားရွားချိုးဖောက်သောလုပ်ဆောင်မှုများ ပါဝင်ပါ သည်။

အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (ICCPR) အရ အဖွဲ့ဝင် နိုင်ငံများသည် “ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုဖြစ်စေရန်လှုံ့ဆော်သည့် နိုင်ငံသား၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးအမုန်းတရားများဖြစ်စေသည့် စည်းရုံးတိုက်တွန်းလှုံ့ဆော်ခြင်းများအား” ဥပဒေဖြင့်တားမြစ်ရန် လိုအပ်ပါသည်။ “သွေးထိုးလှုံ့ဆော်မှု” ဆိုသည်မှာ နိုင်ငံသား၊ လူမျိုး၊ ဘာသာရေး အုပ်စုများနှင့်သက်ဆိုင်သည့် လူပုဂ္ဂိုလ်များအပေါ် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှု ဘေးအန္တရာယ်များကျရောက်စေရန် ဖန်တီးသည့် ၎င်းအုပ်စုများနှင့် ပတ်သက်သည့် ထုတ်ပြန် ကြေညာချက်များကို ရည်ညွှန်းပါသည်။ ထို့ကြောင့် သွေးထိုးလှုံ့ဆော်မှုဆိုသည်မှာ အကြမ်းဖက်မှုများ တချို့ အခြေအနေများတွင် ရက်စက်ယုတ်မာသောရာဇဝတ်မှုများဖြစ်ပေါ်စေနိုင်သောကြောင့် အလွန်အန္တရာယ်များ သော အမုန်းစကားပုံသဏ္ဍာန်တခုဖြစ်ပါသည်။

........................................................................

## မော်ရိုကို၊ ဖေရာယ် ၂၀၊ ၂၀၁၅

ကျွန်ုပ်တို့ ဘာသာအသီးသီး၊ ယုံကြည်မှုအသီးသီးမှ ကိုယ်စားလှယ်များသည် "ရက်စက်ယုတ်မာသော ရာဇဝတ်မှုများဖြစ်ပေါ်စေနိုင်သည့် အကြမ်းဖက်စေရန်လှုံ့ဆော်မှုကို တားဆီးကာကွယ်ခြင်းဆိုင်ရာ ဘာသာရေးခေါင်းဆောင်များနှင့် ဖိုရမ်" ကိုတက်ရောက်ရန်အတွက် မော်ရိုကိုနိုင်ငံ Fez (ဖဲဇ်) တွင် ၂၀၁၅ ခုနှစ် ဧပရယ် ၂၃ ရက်မှ ၂၄ ထိ စုဝေးခဲ့ကြပါသည်။

လူမျိုးတုန်းသတ်ဖြတ်မှုများ၊ စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်များအပေါ်ကျူးလွန်သောရာဇဝတ်မှုများ (ယခုနေရာမှစ၍ "ရက်စက်ယုတ်မာသောရာဇဝတ်မှုများ" ဟုညွှန်းဆိုသည်)၊ ၎င်းတို့ဖြစ်ပေါ်စေရန် သွေးထိုးလှုံ့ဆော်မှုများ၊ ဘာသာရေးတင်းမာမှုများကိုအကြောင်းပြု၍ကျူးလွန်မှုများ၊ ဘာသာရေးကိုအမည်ခံ၍ ကျူးလွန်သောအကြမ်းဖက်မှုများ၊ ၎င်းရာဇဝတ်မှုများနှင့်သွေးထိုးလှုံ့ဆော်မှုများအား တိုက်ခိုက်ရန် ပြင်းထန်လာသည့်လိုအပ်ချက်များ ဒေသန္တရအဆင့်၊ နိုင်ငံတော်အဆင့်၊ ဒေသတွင်းအဆင့်နှင့် နိုင်ငံတကာအဆင့်များတွင် တိုးပွားလာသည့်အကြောင်းများကို *ဆွေးနွေးခဲ့ပြီးနောက်လည်းကောင်း၊*

လူမျိုးစုလိုက်ရှင်းလင်းခြင်း၊ သတ်ဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ အစုလိုက်အပြုံလိုက်နေရာရွှေ့ပြောင်းမှု အစရှိသည်များပါဝင်သော ရက်စက်ယုတ်မာသောရာဇဝတ်မှုများ၊ ဘာသာရေးဆိုင်ရာ ကိုယ်ပိုင်သွင်ပြင်လက္ခဏာများအပါအဝင် ကိုယ်ပိုင်သွင်ပြင်လက္ခဏာပေါ်အခြေခံ၍ အရပ်သားများအပေါ် ကျူးလွန်သော အကြမ်းဖက်မှုနှင့်ပတ်သက်၍ လက်မခံနိုင်သောအဆင့်များကျူးလွန်ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ စက်ဆုပ်ရွံရှာမှုကို *ဖော်ပြ၍လည်းကောင်း၊*

ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်၌လည်းကောင်း၊ ခွဲခြားဆက်ဆံမှုမရှိပဲ လူသားအားလုံးပျော်ရွှင်ခံစားရမည့် လူ့အခွင့်အရေးများအပေါ်၌လည်းကောင်း ကြောက်မက်ဖွယ်ကောင်းသောခြိမ်းခြောက်မှုတခုဖြစ်၍ ကမ္ဘာ့အရေးပေါ်အခြေအနေကိုဖြစ်ပေါ်စေသည့် ရက်စက်ယုတ်မာသော ရာဇဝတ်မှုများအပေါ် *အလေးထားခြင်းဖြင့်သော်လည်းကောင်း၊*

သီးခြားယုံကြည်မှုအစဉ်အလာ၊ ယုံကြည်မှု၊ သို့မဟုတ် ယိမ်းယိုင်မှု၏ အစိတ်အပိုင်းတခုအဖြစ် သတ်မှတ်ရန်တောင်းဆိုသည့် သို့မဟုတ် ဘာသာတခု၏ တစိတ်တပိုင်းအားဖြင့်သော်လည်းကောင်း၊ တခုလုံးသော်လည်းကောင်း ကိုယ်စားပြု၍ပြောဆိုရန်တောင်းဆိုသည့် အစွန်းရောက်၊ အကြမ်းဖက်အတွေးအမြင်များ မြင့်တက်လာမှုနှင့်ပတ်သက်၍ *နက်ရှိုင်းစွာစိုးရိမ်ပူပန်သောကြောင့်လည်းကောင်း၊*

လူတဦးတယောက် သို့မဟုတ် အုပ်စုတစု၏ဘာသာရေး သို့မဟုတ် ယုံကြည်မှုအပေါ်အခြေခံ၍ ၎င်းတို့အား ပစ်မှတ်ထားကာ အကြမ်းဖက်၊ အစွန်းရောက်အုပ်စုများမှ ကျူးလွန်သည့် ဘာသာရေးအခြေပြုအစုလိုက်အပြုံလိုက်ရက်စက်ယုတ်မာမှုများနှင့်ပတ်သက်၍လည်း *နက်ရှိုင်းစွာစိုးရိမ်ပူပန်သောကြောင့်လည်းကောင်း၊*

ကမ္ဘာနှင့်တဝှမ်း အထူးသဖြင့် ဘာသာရေးတင်းမာမှုနှင့်အကြမ်းဖက်မှုများ မြင့်မားနေသောဒေသများတွင် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု၊ အကြမ်းဖက်မှုများဖြစ်ပေါ်စေရန် လှုံ့ဆော်မှုများ၊ "အမုန်းစကားများ" နှင့်ပတ်သက်သည့် အစီရင်ခံတိုင်ကြားမှုအရေအတွက်တိုးပွားလာသည်ကို *သတိပြုမိသောကြောင့်လည်းကောင်း၊*

ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု၊ အကြမ်းဖက်မှုများဖြစ်ပေါ်စေရန် လှုံ့ဆော်ရာတွင်လည်းကောင်း၊ ဝတ်ပြုဆုတောင်းရာနေရာများနှင့် ပညာရေးဝန်းကျင်များတွင်အပါအဝင် "အမုန်းစကားများ" ဖြန့်ဝေရာတွင်လည်းကောင်း ဘာသာရေးခေါင်းဆောင်အချို့မှပါဝင်နေသည့်အခန်းကဏ္ဍကို *သတိထားမိသောကြောင့်လည်းကောင်း၊*

"အမုန်းစကားများ"၊ အကြမ်းဖက်ရန်လှုံ့ဆော်မှုများ၊ ဘာသာရေးနှင့်ယုံကြည်ချက်အပေါ်အခြေခံ၍အပါအဝင် အကြမ်းဖက်အတွေးအမြင်များသည် ဆိုရှယ်မီဒီယာ၊ အင်တာနက်အပါအဝင် သတင်းမီဒီယာများမှတဆင့် ပျံ့နှံ့နေကြောင်းကိုလည်း *သတိထားမိသောကြောင့်လည်းကောင်း၊*

ကျား–မရေးရာအပေါ် ကိုယ်ချင်းစာနားလည်ရန်၊ အစုလိုက်အပြုံလိုက်ရက်စက်မှုနှင့် အကြမ်းဖက်ရန်လှုံ့ဆော်မှုများအား ချဉ်းကပ်လုပ်ဆောင်ရန်လိုအပ်မှုများအပေါ် *အလေးပေး၍သော်လည်းကောင်း၊*

တင်းမာမှုများမြင့်တက်ပြီး ပြည်သူလူထုမှာ ကိုယ်ပိုင်သွင်ပြင်လက္ခဏာ သို့မဟုတ် ဘာသာရေးဂိုဏ်းဂဏများဖြင့် စည်းခြားခံထားရသည့်အခြေအနေများတွင် ဘာသာရေးအင်စတီကျူးရှင်းများနှင့် ခေါင်းဆောင်များသည် ရက်စက်ယုတ်မာသောရာဇဝတ်မှုများအား တားဆီးကာကွယ်တုံ့ပြန်ရာတွင် ပဓာနကျသည့်အခန်းကဏ္ဍမှ ပါဝင်နိုင်သည်ကို *အသိအမှတ်ပြု၍သော်လည်းကောင်း၊*

ရက်စက်ယုတ်မာသောရာဇဝတ်မှုများဖြစ်ပေါ်စေနိုင်သည့် တင်းမာမှု၊ ရန်လိုမှု၊ အကြမ်းဖက်မှုများ အဆုံးသတ်ရန် တောင်းဆိုရာတွင်လည်းကောင်း၊ တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှု၊ ခွဲခြားဆက်ဆံမှု မရှိမှုများအပေါ်အခြေခံ၍ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးကို မြှင့်တင်ရာတွင်လည်းကောင်း ဘာသာရေးခေါင်းဆောင်များ၏ အရေးကြီးသောအခန်းကဏ္ဍနှင့် သိသာသောအကျိုးသက်ရောက်မှုတို့ကို *အလေးပေး၍သော်လည်းကောင်း၊*

အစိုးရမဟုတ်သော ယုံကြည်မှုအခြေပြုအဖွဲ့အစည်းများသည် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု၊ အကြမ်းဖက်မှုများကို စောင့်ကြပ်ကြည့်ရှု၍တုံ့ပြန်ရာတွင်လည်းကောင်း၊ ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု၊ အကြမ်းဖက်မှု၊ ရက်စက်ယုတ်မာသောရာဇဝတ်မှုများကို ခံစားရသောသားကောင်များကိုယ်စား အသိပေးတိုက်တွန်းစည်းရုံးပြောဆိုရာတွင်လည်းကောင်း၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်းနှင့် အပြန်အလှန်လေးစားခြင်းတို့အပေါ်အခြေခံသည့် လူ့အဖွဲ့အစည်းများတည်ဆောက်ရာတွင်လည်းကောင်း ပဓာနကျသောအခန်းကဏ္ဍမှ ပါဝင်နေသည်ကို *အသိအမှတ်ပြု၍သော်လည်းကောင်း၊*

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့်၊ ဆိုရှယ်မီဒီယာအပါအဝင် အမှီအခိုကင်း၍ ဗဟုဝိဖြစ်သောသတင်းမီဒီယာများသည် လူမှုရေးတင်းမာမှုများကိုင်တွယ်ဖြေရှင်းရာတွင်လည်းကောင်း၊ အပြန်အလှန်လေးစားသည့်ယဉ်ကျေးမှုကို မြှင့်တင်ရာတွင်လည်းကောင်း၊ ရက်စက်ယုတ်မာသောရာဇဝတ်မှုများ၊ ၎င်းတို့၏ပြဿနာရေသောက်မြစ်များ၊ ရက်စက်ယုတ်မာသောရာဇဝတ်မှုများကို တားဆီးကာကွယ်သည့် ကြိုးပမ်းအားထုတ်မှုများနှင့်ဆက်စပ်သည့်အရာများအပါအဝင် ပြည်သူလူထုစိုးရိမ်သည့် အကြောင်းအရာအားလုံးအား ပြည်သူလူထုသို့သတင်းပေးရာတွင်လည်းကောင်း အရေးကြီး၍ အပြုသဘောဆောင်သည့်အခန်းကဏ္ဍမှပါဝင်နေကြောင်းကို *ထပ်မံအတည်ပြုခြင်းဖြင့်လည်းကောင်း၊*

လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်အပါအဝင် ခွဲခြားဆက်ဆံမှုမရှိပဲ လူ့အခွင့်အရေးများအား လေးစား၍ ကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း၊ ဘာသာရေးခေါင်းဆောင်များ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ သတင်းမီဒီယာများအတွက် တတ်နိုင်သည့်ဥပဒေနှင့်မူဝါဒပတ်ဝန်းကျင် တည်ဆောက်ပေးရာတွင် လည်းကောင်း နိုင်ငံတော်သည် အဓိကအခန်းကဏ္ဍမှပါဝင်နေကြောင်းကို *တိုက်တွန်းပြောကြားခြင်းဖြင့် လည်းကောင်း၊*

လူ့ဘဝ၏ လေးစားမှု၊ ငြိမ်းချမ်းမှု၊ မြင့်မြတ်မှုများသည် ဘာသာအားလုံး၏အဆုံးအမများတွင် မရှိမဖြစ်ပါဝင် နေသည်ကို *အသိအမှတ်ပြုခြင်းဖြင့်လည်းကောင်း၊*

KAICIID ဗီယင်နာကြေညာစာတမ်း (၂၀၁၄ နိုဝင်ဘာ ၁၉) အပါအဝင် ဘာသာရေးကိုအမည်ခံ၍ ကျူးလွန်သည့် အကြမ်းဖက်မှုများကိုဆန့်ကျင်ရန် ယခင်ကပြုခဲ့သည့်ကတိကဝတ်များအား *ပြန်လည်ခေါ်ဆို၍ ထပ်မံ အတည်ပြုခြင်းဖြင့်လည်းကောင်း*

အာမန်ကြေညာစာတမ်း (၂၀၁၃ နိုဝင်ဘာ ၁၈) အပါအဝင် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှု များဖြစ်ပေါ်စေရန် လှုံ့ဆော်မှုကို တားဆီးကာကွယ်တုံ့ပြန်ရန် အရပ်ဖက်လူ့အဖွဲ့အစည်းနှင့် မီဒီယာများမှ ယခင်ကပြုခဲ့သည့်ကတိကဝတ်များကို *ပြန်လည်ခေါ်ဆို၍ ထပ်မံအတည်ပြုခြင်းဖြင့်လည်းကောင်း၊*

ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုများဖြစ်ပွားစေရန် သွေးထိုးလှုံ့ဆော်မှုများပါဝင်သည့် အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးဆိုင်ရာအမုန်းစကားများပြုလုပ်ရန် လှုံ့ဆော်ခြင်းအား တားမြစ်သည့် Rabat လုပ်ဆောင်မှုအစီအစဉ်နှင့် အထူးသဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်ချက်များအား အဓိပ္ပာယ်ဖွင့်ဆိုရန်အတွက်၊ အမုန်းတရားကိုလှုံ့ဆော်ခြင်းအား အဓိပ္ပာယ်ဖွင့်ဆိုရန် အတွက်၊ အပြည်ပြည်ဆိုင်ရာနိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (ICCPR) ၏ အပိုဒ် ၂၀ အား ကျင့်သုံးခြင်းအတွက် ၎င်း၏အစိတ်အပိုင်း ၆ ခုပါ စံသတ်မှတ်ချက်အဆင့်စစ်ဆေးချက်အား *ပြန်လည်ခေါ်ဆိုခြင်း၊ အတည်ပြုလက်မှတ်ရေးထိုးခြင်းဖြင့်သော်လည်းကောင်း*

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း၊ လူမျိုးတုံးသတ်ဖြတ်မှုရာဇဝတ်မှုများအတွက် တားဆီး ကာကွယ်ရေးနှင့်အပြစ်ပေးအရေးယူခြင်းဆိုင်ရာသဘောတူစာချုပ်၊ အပြည်ပြည်ဆိုင်ရာနိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR)၊ ဂျီနီဗာကွန်ဗန်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်၊ လူခပ်သိမ်းအား အတင်းအဓမ္မပျောက်ကွယ်ခြင်းမှကာကွယ်ရန် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၁၆၂၄ (၂၀၁၅)၊ လူ့အခွင့်အရေးကောင်စီဆုံးဖြတ်ချက် အမှတ်၁၆/၁၈၊ လူမျိုးရေးခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူ စာချုပ်၊ သည်းခံခြင်းဥပဒေသဆိုင်ရာ ယူနက်စကိုကြေညာစာတမ်းများအပါအဝင် သက်ဆိုင်ရာနိုင်ငံတကာ စံချိန်စံနှုန်းများကို သိရှိပြီးဖြစ်ကာ အောက်ဖော်ပြပါကြေညာချက်အား Fez တွင် *အတည်ပြုပြဋ္ဌာန်း*လိုက်ပါသည်–

**မော်ရိုကိုနိုင်ငံ Fez (ဖဲဇ်) တွင် ၂၀၁၅ ခုနှစ် ဧပရယ် ၂၃ ရက်မှ ၂၄ ထိ စုဝေးခဲ့ကြသောကျွန်ုပ်တို့ ဘာသာအသီးသီး၊ ယုံကြည်မှုအသီးသီးမှ ကိုယ်စားလှယ်များသည် အောက်ဖော်ပြပါတို့အား ကတိကဝတ်ပြုပါသည်–**

အထွေထွေမှုများ

၁) (မိမိဘာသာဖြစ်စေ တခြားဘာသာဖြစ်စေ) ဘာသာရေးနှင့် ယုံကြည်မှုအားအမည်ခံ၍ ကျူးလွန်သောအရာများအပါအဝင် ရက်စက်ယုတ်မာသောရာဇဝတ်မှုများနှင့် အကြမ်းဖက်လုပ်ဆောင်မှုများအားလုံးကို လူသိရှင်ကြားထုတ်ဖော်ရှုံ့ချပါမည်။

၂) ဘာသာရေးသဘာဝတရားများအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များ သို့မဟုတ် ပိုင်ဆိုင်မှုများအား တမင်ရည်ရွယ်ချက်ရှိရှိဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်းများအား လူသိရှင်ကြားရှုံ့ချပါမည်။

၃) ဘာသာရေးအမည်ခံ၍ ပြောကြားသော၊ ပျံ့နှံ့စေသောအရာများအပါအဝင် အကြမ်းဖက်စေရန် လှုံ့ဆော်မှုနှင့် "အမုန်းစကားများ" အား လူသိရှင်ကြားဝေဖန်ရှုံ့ချပါမည်။

၄) ဘာသာရေး သို့မဟုတ် ယုံကြည်မှုအပေါ်အခြေခံ၍ ခွဲခြားဆက်ဆံမှုများအားလုံးကို လူသိရှင်ကြားရှုံ့ချ၍ လွတ်လပ်စွာယုံကြည်ကိုးကွယ်ပိုင်ခွင့်အပါအဝင် ခွဲခြားဆက်ဆံမှုမရှိပဲ လူသားအားလုံး၏ လူ့အခွင့်အရေးများနှင့် စုံလင်ကွဲပြားမှုများကို လေးစားမြှင့်တင်ရန် ကတိကဝတ်ပြုပါသည်။

၅) အမုန်းတရားများနှင့် သွေးထိုးလှုံ့ဆော်မှုများ ပြောကြားခြင်း သို့မဟုတ် ပျံ့နှံ့စေခြင်းများမှ ရှောင်ကြဉ်ပါမည်။

ရက်စက်ယုတ်မာသောရာဇဝတ်မှုများနှင့် သွေးထိုးလှုံ့ဆော်မှုများအား ကာကွယ်တားဆီးတုံ့ပြန်မှု

၆) ဘာသာရေး သို့မဟုတ် ယုံကြည်ချက်အပေါ်အခြေခံ၍ (သို့သော်၎င်းတို့သာလျှင်ဖြစ်သည်ဟု မမှတ်ယူရ) အပါအဝင် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုဖြစ်ပွားစေရန် အမုန်းတရားများ၊ လှုံ့ဆော်မှုများမြှင့်တင်ပေးသည့် အတွေးအမြင်များပျံ့နှံ့ခြင်းနှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှု အစီရင်ခံတိုင်ကြားပါမည်။

၇) ဘာသာရေး သို့မဟုတ် ယုံကြည်မှုအပေါ်အခြေခံ၍ ရက်စက်ယုတ်မာသောရာဇဝတ်မှုများ ဖြစ်ပေါ်စေရန် လှုံ့ဆော်သည့်အရာများသည် ဝတ်ပြုဆုတောင်းရာနေရာများ၊ ပညာရေးပတ်ဝန်းကျင်များ သို့မဟုတ် ဆိုရှယ်မီဒီယာအပါအဝင် သတင်းမီဒီယာများမှတဆင့်ပျံ့နှံ့လျှင် ၎င်းတို့အား စောင့်ကြပ်ကြည့်ရှု၊ အစီရင်ခံတိုင်ကြားကာတုံ့ပြန်ပါမည်။

၈) ကျွန်ုပ်တို့ဘာသာဝင်များမှသော်လည်းကောင်း၊ ကျွန်ုပ်တို့ဘာသာဝင်များအပေါ်သော်လည်းကောင်း ကျူးလွန်သော အမုန်းတရားရာဇဝတ်မှုများအားလုံးအတွက် စောင့်ကြပ်ကြည့်ရှု၊ အစီရင်ခံတိုင်ကြားပါမည်။

၉) အပြန်အလှန်လေးစားမှုသတင်းစကားများအား ဆုတောင်းဝတ်ပြုရာနေရာများ၊ ပညာရေးပတ်ဝန်းကျင်များ၊ ဆိုရှယ်မီဒီယာအပါအဝင် သတင်းမီဒီယာများမှတဆင့် ပျံ့နှံ့စေပါမည်။

၁၀) ဘာသာရေးအပေါ်အခြေခံ၍ အစွန်းရောက်အတွေးအမြင်များ၊ အကြမ်းဖက်လုပ်ဆောင်မှုများကို အသိပေးတိုက်တွန်းစည်းရုံးပြောဆိုနေသည့် သို့မဟုတ် ပါဝင်နေသည့် သူများအား ၎င်းကဲ့သို့သော အကြမ်းဖက်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ကန့်သတ်ထိန်းချုပ်ရန် သို့မဟုတ် ၎င်း၏သက်ရောက်မှုများကိုလျော့ချရန်ဆိုသည့်အမြင်ဖြင့် တွေ့ဆုံဆွေးနွေးပွဲများတွင် ချိတ်ဆက်ပူးပေါင်းပါမည်။

၁၁) ဘာသာဝင်အချင်းချင်းကြား၊ ဘာသာအချင်းချင်းကြားတွေ့ဆုံဆွေးနွေးပွဲများတွင် တတပ်တအားပါဝင်ပါမည်။

၁၂) ၎င်းလုပ်ဆောင်မှုများအားလုံးအတွက် နိုင်ငံရေးအရထောက်ခံမှုတိုးပွားလာစေရန် အရပ်သားခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် ချိတ်ဆက်ပူးပေါင်းပါမည်။

၁၃) ယခုလုပ်ဆောင်ရန်အစီအစဉ်အား တခုလုံးသော်လည်းကောင်း သို့မဟုတ် တစိတ်တပိုင်းသော်လည်းကောင်း အကောင်အထည်ဖော်ပါမည်။

၁၄) ယခုကြေညာစာတမ်းအားအကောင်အထည်ဖော်ရာတွင် ကျား–မရေးရာအပေါ်ကိုယ်ချင်းစာနားလည်မှုနည်းလမ်းဖြင့် လုပ်ဆောင်ပါမည်။

၁၅) ပိုမိုပူးပေါင်းဆောင်ရွက်မှုရှိ၍ ပိုမိုငြိမ်းချမ်းသောကမ္ဘာအားတည်ဆောက်ရန်၊ ယခုကတိကဝတ်ပြုမှုများအား လက်ခံကျင့်သုံးရန်၊ ကျွန်ုပ်တို့ပန်းတိုင်သို့ ရောက်ရှိစေရန် ကျွန်ုပ်တို့နှင့်အတူတူကြိုးစားမည့် ယုံကြည်ချက်အမျိုးမျိုး၊ ဘာသာတရားအမျိုးမျိုးဖြင့် စိတ်ကောင်းစေတနာရှိသူအားလုံးကို ကျွန်ုပ်တို့နှင့် အတူတကွလုပ်ဆောင်ရန် မေတ္တာရပ်ခံအပ်ပါသည်။

.....................................................................

## ဒေသန္တရဆိုင်ရာ အကြံပြုဆွေးနွေးပွဲများတွင် ကူညီခဲ့သည့် အင်စတီကျူးရှင်းများနှင့် အဓိကလုပ်ဆောင်သူများ

### အဖွဲ့အစည်းများ

- Al Azhar University, Cairo
- Al-Wahid Mosque, Milan
- All African Conference of Churches, Kenya
- All Ceylon Hindu Congress, Sri Lanka
- All India Imam Organization
- All Myanmar Andhra Hindu Religious Society
- American Jewish Committee
- Anglican Church of Burundi
- Anglican Church of Rwanda
- Armenian Church
- Armenian Prelacy of Lebanon

- Asian Conference of Religions for Peace, Japan
- Association of Muslim Scholars, Iraq
- Association of Women of the Catholic Church, Cote d'Ivoire
- Assyrian Christian community Iraq
- Baha'i International Community
- Bahrain Interfaith Center
- Beit Emunah in Santiago, Chile
- Budapest Center for the International Prevention of Genocide and Mass Atrocities
- Catholic Comboni Sisters, Palestine
- Central Islamic Organization of Guyana
- Central Mosque, Bangui, Central African Republic
- Center for World Religions, Diplomacy and Conflict Resolution, Washington DC
- Centre for Peacebuilding and Reconciliation, Sri Lanka
- Centro de Diálogo Intercultural ALBA, Argentina
- Century Entrepreneurship Development Agency International, Uganda
- Chad Parliament
- Christian Aid Program Northern Iraq
- Church of Christ in Thailand
- Columbia University of New York, Global Freedom of Expression Program
- Community of Sant'Egidio, Rome
- COREIS Islamic Religious Community ITALY
- Cultural Affairs at Cultural Mission in London
- Dhamma School Foundation, Myanmar
- Divine Shakti Foundation, India
- Diversity Development Centre in Lagos
- Duhovnosti Kulture, Croatia
- Ekta Parishad India
- Ethiopian Jewish community
- Ethiopian Orthodox Tewahedo Church
- Ethiopian Peace and Development Centre
- Facebook
- Family Welfare
- Finn Church Aid
- Forum of European Muslim Youth and Student Organization, Belgium
- Foundation for Sustainability and Peacemaking in Mesoamerica
- George Washington University, The Bridge Initiative, Washington DC
- Google
- Global Covenant Partners
- Global Interfaith WASH Alliance, India

- Groundswell Movement
- Grupo Ecuménico de Mujeres Constructoras de Paz, Colombia
- Hillel International, Meyerhoff Center for Jewish Experience, Washington DC
- Holy See to the United Nations
- Institute for Interfaith Dialogue in Indonesia
- Institute for Strategic Studies and Democracy Malta
- Interfaith Center of New York
- Interfaith Council, South West Connecticut
- Interfaith Mediation Centre of the Muslim-Christian Dialogue in Kaduna State, Nigeria
- International Network of Engaged Buddhists, Thailand
- Inter-Religious Council of Liberia
- Inter-Religious Council of Thailand
- Islamic Center of Long Island
- Islam Relief Worldwide
- Islamic Community of Italy
- Islamic Education Trust, Nigeria
- Islamic University Islamabad - Iqbal International Institute for Research and Dialogue
- Islamic University of Uganda
- Italian Buddhist Union
- Italian Inter-ministerial Committee for Human Rights
- Jacob Blaustein Institute for the Advancement of Human Rights
- Jacob Soetendorp Institute for Human Values
- Jamiat Ulema-e-Islam , Pakistan
- Jesuit Refugee Service, Cambodia
- Jewish Community of Fez, Morocco
- Jewish Community Relations Council of Greater Washington
- Kaka'l community Iraq King Abdullah International Center for Interreligious and Intercultural Dialogue
- Koinonia
- Liberian Council of Churches
- Libyan Institute of Advanced Studies
- Lutheran Theological College at Philadelphia
- Lutheran World Federation
- Mahidol University Thailand - Institute for Human Rights and Peace Studies
- Manav Ekta Mission, India
- Methodist University of Cote d'Ivoire
- Middle East Council of Churches Lebanon
- Minority Rights Group International
- Mongolian Muslim Society

- Moravian Church in Nicaragua and part of Honduras
- Moroccan Rabita Mohammadia of Ulamas
- Mosaica Center for Religious Conflict Transformation in the Middle East
- Mosquée du Plateau, Abidjan
- Muslim American Veterans Association National
- Muslim Hands
- Muslim Public Affairs Council, Washington DC
- National Association for Human Rights of Saudi Arabia  National Council of Churches of Kenya
- National Council of Churches in the Philippines
- National Muslim Council of Liberia
- National Spiritual Assembly of the Baha'i
- Network for Religious and

  Traditional Peacemakers
- Newseum Institute Washington D.C., Religious Freedom Center
- Office of His Holiness Baba Sheik, Iraq
- Organization of the Islamic Cooperation
- Office for Democratic Institutions and Human Rights
- Parish of Kimpton, Ayot St. Lawrence, United Kingdom
- Paritätischer Wohlfahrtsverband Berlin
- Peace and Development Centre in Ethiopia
- Peacemaker Tanenbaum
- Permarth Niketan Ashram, India
- Pontifical Council for Interreligious Dialogue
- Preah Sihanouk Raja Buddish University Cambodia
- Prachakittisuk Church and Orphanage in Chiang Rai, Thailand
- Prince Alwaleed bin Talal Center for Muslim-Christian Understanding, Georgetown
- University, Washington DC
- Princeton University
- Qorvis MSL Group
- Reconciliation and Integration National Cohesion and Integration Commission of Kenya
- Religions for Peace Belgium
- Research Center on Values and Research Unit on Risky Behaviors, Morocco
- Richard Stockton University of New Jersey
- Robert F. Kennedy Human Rights Europe, Italy
- Roma Community, Romania
- Roman Catholic Church, Nigeria
- Roman Melkite Catholics, Jordan
- Royal Institute for Interfaith Studies Jordan

- Salvadorian Lutheran Church
- Save Belgium
- Serve2Unite
- Seminari Theoloji Malaysia
- Shiromani Gurdwara Parbandhak Committee, India
- Shoulder to Shoulder Campaign
- Sitagu International Buddhist Academy of Myanmar
- Sound Vision Foundation
- South Sudan Council of Churches
- Sudan Council of Churches
- Supreme Council for Islamic Affairs
- Supreme Islamic Council of Myanmar
- Syrian Islamic scholar and Murshid
- The Africa University, Zimbabwe
- The Council of Christians and Jews, United Kingdom
- The Interfaith Mediation Center of the Muslim-Christian Dialogue in Kaduna State, Nigeria
- The Nation's Mosque – Masjid Muhammed, Washington DC
- Union of Islamic Communities and Organizations of Italy
- Union of Rationalist Atheists and Agnostics, Italy
- Union Theological Seminary, New York
- United Jewish Congregation in Hong Kong
- United Kingdom Parliament
- United Reformed Church in Southern Africa
- United States Holocaust Memorial Museum
- United States Institute for Peace
- United States Office of Peace and Dialogue
- University Hospital Centre of Treichville, Ivory Coast
- University of Birmingham
- University of Lapland
- University of Liverpool
- University of New Zealand
- Walk of Hope "For the Oneness of Humanity"
- Walpola Rahula Institute, Sri Lanka
- Women in Islam
- Women Without Borders
- World Bank Group
- World Council of Arya Samaj in
- India
- World Council of Churches
- Youth Parliament of Jordan
- Zomba Theological College, Malawi

## ကုလသမဂ္ဂ

- United Nations Assistance Mission for Iraq
- United Nations Counter Terrorism Implementation Task Force
- United Nations Department of Political Affairs
- United Nations Development Fund
- United Nations Educational, Scientific and Cultural Organization
- United Nations Entity for Gender Equality and the Empowerment of Women
- United Nations Office of the High Commissioner for Human Rights
- United Nations Office of the Special Advisor on Sexual Violence in Conflict
- United Nations Office of the Special Advisor on the Prevention of Genocide and the Responsibility to Protect
- United Nations Office to the African Union
- United Nations Ombudsman and Head of Ombudsman and Mediation Services
- United Nations Peace Support Unit
- United Nations Population Fund

## အကြံပေးကော်မတီအဖွဲ့ဝင်များ

- **Mohammed Abu Nimer,** Adviser, KAICIID Dialogue Center
- **Maytham Al Salman,** Bahrain Center for Human Rights
- **Johnston Barkat,** United Nations Ombudsman and Head of Ombudsman and Mediation Services
- **Rudelmar Bueno de Faria**, Director, World Council of Churches
- **Agnes Callamard,** Director, Global Freedom of Expression, Columbia University and Special Rapporteur on extrajudicial, summary or arbitrary executions
- **Iqtidar Cheema,** Director Institute for Leadership and Community Development , United Kingdom
- **Mohamed Elsanoussi,** Director Secretariat of the Network for Religious and Traditional Peacemakers
- **Azza Karam,** Senior Advisor on Culture at the United Nations Populations Fund
- **Carol Ritner,** Professor of Genocide Studies, Stockton University
- **Ibrahim Salama,** Chief of Human Rights Treaties Branch/ OHCHR
- **Ahmed Shaheed,** Special Rapporteur on Freedom of Religion or Belief
- **Burton Visotzky,** Appleman Professor of Midrash and Interreligious Studies, Jewish Theological Seminary of America

## ထပ်မံဖတ်ရှုရန်စာအုပ်စာတမ်းလင့်ခ်များ

- ရက်စက်ယုတ်မာသောရာဇဝတ်မှုများအတွက် သရုပ်ခွဲဆန်းစစ်မှု မူဘောင်_ တားဆီးကာကွယ်ရန် လက်နက်ကိရိယာ

  http://www.un.org/en/genocideprevention/documents/publications-andresources/Framework%20of%20Analysis%20for%20Atrocity%20Crimes_EN.pdf.
- သည်းမခံမှု၊ အနုတ်လက္ခဏာဆောင်သည့်တရားသေအမြင်၊ အမည်းစက်ထင်စေခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ အကြမ်းဖက်ရန်လှုံ့ဆော်မှု၊ ဘာသာရေး သို့မဟုတ် ယုံကြည်မှုအပေါ်မူတည်၍ လူပုဂ္ဂိုလ်တဦးတယောက်အားအကြမ်းဖက်မှုများအား တိုက်ဖျက်ခြင်း (A/HRC/RES/16/18)
- ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု၊ အကြမ်းဖက်မှုများအား တားမြစ်ခြင်း

  https://www.article19.org/data/files/medialibrary/3572/12-12-01-PO-incitementWEB.pdf
- ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုများဖြစ်ပွားစေရန် သွေးထိုးလှုံ့ဆော်မှုများပါဝင်သည့် အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးဆိုင်ရာအမုန်းစကားများအားပြုလုပ်ရန် သွေးထိုးလှုံ့ဆော်ခြင်းအား တားမြစ်သည့် Rabat လုပ်ဆောင်မှုအစီအစဉ်

  http://www.ohchr.org/Documents/Issues/Opinion/SeminarRabat/Rabat_draft_outcome.pdf
- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် တန်းတူညီမျှမှု Camden ဥပဒေသများ

  https://www.article19.org/data/files/pdfs/standards/the-camden-principles-onfreedom-of-expression-and-equality.pdf
- သွေးထိုးလှုံ့ဆော်မှုများအား တားဆီးကာကွယ်ခြင်း– လုပ်ဆောင်ချက်အတွက် မူဝါဒရွေးချယ်မှု

  http://www.un.org/en/genocideprevention/documents/ourwork/Doc.10_of%20incitement.Policy%20options.Nov2013.pdf
- ဥရောပအတွက် ဒေသဆိုင်ရာ လုပ်ဆောင်ရန်အစီအစဉ်

  http://www.un.org/en/genocideprevention/documents/ourwork/Doc.13_Europe%20Plan%20of%20Action.pdf
- MENA ဒေသအတွက် ဒေသဆိုင်ရာ လုပ်ဆောင်ရန်အစီအစဉ်

  http://www.un.org/en/genocideprevention/documents/ourwork/Doc.14_MENA%20Plan%20of%20Action.FINAL.pdf
- အမေရိကနိုင်ငံများအတွက် ဒေသဆိုင်ရာ လုပ်ဆောင်ရန်အစီအစဉ်

  http://www.un.org/en/genocideprevention/documents/ourwork/Doc.15_Plan%20of%20Action%20for%20the%20Americas.FINAL.pdf
- အာဖရိကအတွက် ဒေသဆိုင်ရာ လုပ်ဆောင်ရန်အစီအစဉ်

  http://www.un.org/en/genocideprevention/documents/ourwork/Doc.16_Plan%20of%20Action%20for%20Africa.final.pdf

- အာရှ–ပစိဖိတ်ဒေသအတွက် ဒေသဆိုင်ရာ လုပ်ဆောင်ရန်အစီအစဉ်

  http://www.un.org/en/genocideprevention/documents/Plan%20of%20Action%20for%20religio us%20leaders_AsiaPacific.pdf
- "အခွင့်အရေးအတွက် ယုံကြည်မှု" Beirut ကြေညာစာတမ်း

  http://www.ohchr.org/Documents/Press/21451/BeirutDeclarationonFaithforRights.pdf
- "အခွင့်အရေးအတွက် ယုံကြည်မှု" ကတိကဝတ် ၁၈ ချက်

  http://www.ohchr.org/Documents/Press/21451/18CommitmentsonFaithforRights.pdf
- World Bank Groups, ၂၁ ရာစုတွင် ပဋိပက္ခနှင့် အကြမ်းဖက်မှု

  http://www.un.org/pga/70/wpcontent/uploads/sites/10/2016/01/Conflict-and-violence-in-the-21st-century-Current-trends-asobserved-in-empirical-research-and-statistics-Mr.-Alexandre-Marc-Chief-Specialist-FragilityConflict-and-Violence-World-Bank-Group.pdf